မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ်(၃၄)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖျာပုံမြို့နယ် ဒမင်းဆိပ်ကျေးရွာရှိ Cyclone Shelter အဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မှာကြားလမ်းညွှန်ချက်

ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် စိုက်ပျိုးရေးနှင့် သားငါးကဏ္ဍများ အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး၊ မုန်တိုင်းသင့်သော ကျေးရွာများကို ပြန်လည်ထူထောင်ရာ၌ စနစ်ကျနစွာ စည်ပင်သာယာဖွံ့ဖြိုးလာရေး၊ နောင်၌ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက အရံအတားဖြစ်စေရေးအတွက် လေကာသစ်ပင်များကို သစ်တောအုပ်များသဖွယ်ဖြစ်ပေါ်အောင် စိုက်ပျိုးထူထောင်ရေး၊ အရေးပေါ်သက်ကယ်ကုန်းများ တည်ဆောက်ပြီးစီးရေး၊ အခြားပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အချိန်မီအပြီးသတ် တည်ဆောက်။

ကယ်ဆယ်ရေးနှင့် နေရာချထားရေးလုပ်ငန်းများကို အချိန်မီချက်ချင်းဆောင်ရွက်နိုင်ရေး လမ်းပန်းဆက်သွယ်ရေးအပါအဝင် လိုအပ်သောအခြေခံအဆောက်အအုံများကို တည်ဆောက်ပေးထား ကျေးရွာတွင်းနှင့် ကျေးရွာချင်းဆက်လမ်းများ၊ ချောင်းကူးတံတားငယ်များတည်ဆောက်နေမှု ဆက်လက်အားပေးလုပ်ဆောင်

Cyclone Shelter များသည် အရေးပေါ်အခြေအနေ၌ ဒေသခံများ အသက်ကယ်ခိုလှုံရန်ဖြစ် သာမန်အချိန်တွင် စာသင်ကျောင်းကဲ့သို့ အကျိုးရှိသော ရပ်ရွာလူမှုရေးလုပ်ငန်းများအတွက် ဖွင့်လှစ်အသုံးချ

နေပြည်တော် နိုဝင်ဘာ ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ဒေသများဖြစ်သည့် ဘိုကလေးမြို့နယ်နှင့် ဖျာပုံမြို့နယ်တို့သို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံအားပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဦးစီးစီစဉ်ဖွင့်လှစ်သည့် အခြေခံအိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ်(၂) သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် နိုဝင်ဘာ ၃ ရက်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအင်အားစုများ အမျိုးသားရေး ကိုယ်ခံစွမ်းအား ခိုင်မာရေးကြိုးပမ်း

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် လေးနက်သည့် အမျိုးသားရေးအဓိပ္ပာယ် မြင့်မားရေးအတွက် မျှော်မှန်းချက်များ ပေါင်းစည်းပါဝင်နေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို စဉ်ဆက်မပြတ် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၁၇)ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

နှစ်အလိုက် ကျင်းပလာခဲ့သည့်ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်အဆင့်လိုက် ဘာသာရပ်အသီးသီး၌ ယှဉ်ပြိုင်သူဦးရေနှင့် ပြိုင်ပွဲအမျိုးအစားများ တိုးတက်လာခဲ့သကဲ့သို့ မျိုးဆက်သစ်လူငယ်များအနေဖြင့် ရိုးရာအစဉ်အလာမပျက် လက်ဆင့်ကမ်း အမွေဆက်ခံရာ၌လည်း အနုပညာအရည်အသွေး ပြည့်မီရေးအတွက် တစ်နှစ်ထက်တစ်နှစ် ပိုမို၍ ကြိုးပမ်းခဲ့သည်။

မြန်မာ့ယဉ်ကျေးမှု၏ ခိုင်မာမှုကို လေ့လာကြည့်လျှင် လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်ကျော်ကာလက မြန်မာ့မြေပေါ်တွင် ထူထောင်ခဲ့သည့် တကောင်း၊ ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာ စသည့် ရှေးဟောင်းပျူမြို့တော်များတွင် တွေ့ရှိရသည့် အထောက်အထားများ၊ မှတ်တမ်းများအရ မြို့ယဉ်ကျေးမှု စတင်ထွန်းကားလျက်ရှိပြီး အဆင့်အတန်းမြင့်မားသည့် စာပေ၊ ဂီတ၊ အနုသုခုမပညာရပ်များ ပေါ်ထွန်းနေခဲ့ပြီဖြစ်ကြောင်း အခိုင်အမာတွေ့ရှိရသည်။

နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး၏ ယုံကြည်မှု၊ တွေးခေါ်မြော်မြင်မှု၊ နေ့စဉ်ဘဝပြောဆိုပြုမူနေထိုင်မှုများနှင့် လူမှုဆက်ဆံရေးစနစ်များ အစရှိသည့် အမျိုးသားရေးစရိုက်လက္ခဏာများသည် သက်ဆိုင်ရာနိုင်ငံနှင့် လူမျိုး၏ယဉ်ကျေးမှုတန်ဖိုးများအပေါ်တွင် အခြေပြုလျက်ရှိသကဲ့သို့ ယဉ်ကျေးမှုတန်ဖိုးများကိုလည်း စာပေနှင့်အနုသုခုမပညာရပ်များမှတစ်ဆင့် အကဲဖြတ်ဆန်းစစ်နိုင်သည်။

ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့ရသည့် မြန်မာ့ယဉ်ကျေးမှုသည် ဘာသာတရား၏ အဆုံးအမလမ်းညွှန်မှုများ၊ တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှုနှင့် ပြည်ပကျူးကျော်မှုများကို တွန်းလှန်အောင်မြင်နိုင်မှု အတွေ့အကြုံများအပေါ်အခြေပြုပြီး အစဉ်တစိုက် ရှင်သန်လာခဲ့သည်။

သို့ဖြစ်ပေရာ ခေတ်အဆက်ဆက်နှင့် မျက်မှောက်ကာလ၌ ပြည်သူလူထုအတွင်း အချိန်တိုတိုဖြင့် စီးဝင်ပျံ့နှံ့လွယ်ပြီး စည်းရုံးလှုံ့ဆော်နိုင်စွမ်းနှင့် သမိုင်းအစဉ်အလာကြီးမားလှသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအင်အားစုများသည် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပိုမိုတောင့်တင်းခိုင်မာစေရေးအတွက် စုစည်းညီညွတ်စွာ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၀ရက်(စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များမွှေ့ရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက်မိတ်ဆွေများအားလုံး တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုက အလှူငွေများကို ဒေါက်တာလွင်လွင်စိုး(ရန်ကုန်ပညာရေးတက္ကသိုလ်) ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဖုန်း-၅၀၃၁၄၇၊ ဦးအုန်းမြင့် ဖုန်း-၀၉-၈၀၂-၄၁၉၄၊ ဒေါ်တင်တင်ရှု(DEPT) ဖုန်း-၅၅၇၁၀၉၊ ဦးအေးကြိုင်(ဦးစီး-၁) ဖုန်း-၅၅၇၆၄၃၊ ၀၉-၈၅၀-၀၄၇၉၊ ဦးစံထိုက်(ဦးစီး-၂) ဖုန်း-၀၂-၃၉၂၈၉၊ ဦးကျော်ဝင်းမြင့်(ဦးစီး-၃) ဖုန်း-၂၁၂၉၆၉(လိုင်းခွဲ-၂၀၃)၊ ဒေါ်ကြူကြူရွှေ(ဦးစီး-၃) ဖုန်း-၅၅၄၉၆၄(အိမ်)၊ ဦးရိုန်းလိန်းအောင် ဖုန်း-၅၆၄၂၃၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၁၇ နှင့် ဒေါ်ခင်သန်းထွေး ဖုန်း-၂၉၃၃၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

တောင်သာမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စက်မှု(၁)ဝန်ကြီးဦးအောင်သောင်း ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းမိသားစု၏ မြင်းခြံဘိုးဘွားရိပ်သာသို့ နဝမအကြိမ်မြောက် ဆန်အိတ်များ လှူဒါန်းခြင်းအခမ်းအနားကို အောက်တိုဘာ၃၀ရက် နံနက်စနာရီက မြင်းခြံမြို့ရှိ ပုညသဟာယ နေ့စဉ်အရဏ်ဆွမ်းအသင်းခန်းမ၌ ကျင်းပရာ ဝန်ကြီးဦးအောင်သောင်း၊ ဇနီးနှင့်မိသားစုတို့က ဆန်အိတ်များကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးသည် တောင်သာမြို့နယ် နန်းမြင့်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ရေပိုက်ခေါင်းကို ဖွင့်လှစ်ပေးကာ စက်ရေတွင်းကို ကြည့်ရှုစစ်ဆေး၍ ကျေးရွာပြည်သူများအား တွေ့ဆုံသည်။

အဆိုပါစက်ရေတွင်းသည် နန်းမြင့်ကျေးရွာရှိ အိမ်ခြေ ၆၀၈အိမ်အတွက် တစ်နေ့လျှင် ရေဂါလန် ၁၂၀၀၀ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တောင်သာမြို့ လူမှုရေးအသင်းအဖွဲ့ပေါင်းစုံ၏ တောင်သာဘိုးဘွားရိပ်သာ၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် တောင်သာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အိမ်ထောင်စုများသို့ (၁၄)ကြိမ်မြောက် ဆန်အိတ်များ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး ဝန်ကြီးနှင့် မိသားစုက တောင်သာဘိုးဘွားရိပ်သာအတွက် ဆန်အိတ် ၆၀၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆန်အိတ် ၅၀နှင့် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၄၃ ရွာမှ အိမ်ထောင်စုများအတွက် ဆန်အိတ် ၃၀၈၅ အိတ်တို့ကို ပေးအပ်လှူဒါန်းသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ သာစည်အရှေ့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး ဝန်ကြီးက ကျောင်းဆောင်သစ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုက ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဝန်ကြီးသည် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ကျောက်ကာကျေးရွာ အားကစားကွင်း၌ကျင်းပသည့် ပဉ္စမအကြိမ်မြောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဖလား မြင်းခြံခရိုင် ငါးမြို့နယ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးပြီး ပထမဆုရ နွားထိုးကြီးမြို့နယ်အသင်းအား ဂုဏ်ပြုဆုငွေ၊ တစ်ဦးချင်း ရွှေတံဆိပ်ဆုများနှင့် ပထမဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသင်းမင်းလတ်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးကျော်မြင့်လွင်ဦးတို့က ဘုန်းစိုးရပ်ကွက်နှင့် ချမ်းမြသာစည်ရပ်ကွက်များသို့ တိုးချဲ့မြစ်ရေတင် ရေပေးဝေရေးလုပ်ငန်း အမြင့်တင်ရေစင် အောက်ခံအခြေအမြစ်ဆောင်ရွက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၈)ရပ်ကွက် သီရိမင်္ဂလာလမ်းနေ ဦးအောင်စိုး-ဒေါ်နီနီအောင်၊ သမီး မအိအိခိုင်၏မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် အထူးအာဟာရအလှူအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဦးယဉ်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အထက(သုဝဏ္ဏ) ကျောင်းသားဟောင်းများ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီက ကြီးမှူး၍ အငှမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(သုဝဏ္ဏ)ကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အသက်(၆၀) ပြည့်ပြီးသော ဆရာ ဆရာမကြီးများနှင့် (၁၉၈၅-၂၀၀၈)စာသင်နှစ်အားလုံးမှ ကျောင်းသားဟောင်းများ ကျင်းပရေးကော်မတီနှင့် ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

လှူဒါန်းနိုင်

ပထမအကြိမ်အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၂ရက်၊ ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ရက်နှင့် တတိယအကြိမ်အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ကျင်းပမည်ဖြစ်ပြီး အလှူငွေများကို ဦးအောင်ကျော်မြ (ကျောင်းအုပ်ကြီး) ဖုန်း-၀၁-၅၆၃၆၆၇၊ ဦးလှတင် ဖုန်း ၀၉-၅၀၅-၀၅၁၆၊ ဦးမြင့်စိုး (ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁၂-၄၀၀၆၊ ဦးဥက္ကာအေး(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၄-၄၀၂၃၊ ဦးစိုးပိုင် ဖုန်း-၀၁-၅၇၀၄၄၀၊၀၉-၅၁၅-၂၆၆၀၊ ဦးအေးမြင့် (တွဲဖက်အတွင်းရေးမှူး-၂) ဖုန်း-၀၉-၅၀၅-၇၈၄၄၊ ဒေါ်သင်းသင်းနိုင်(တွဲဖက်အတွင်းရေးမှူး-၃) ဖုန်း-၀၉-၅၁၅-၆၀၃၈၊ ဗိုလ်မှူးအောင်မြတ်(ငြိမ်း) ဘဏ္ဍာရေးမှူး ဖုန်း-၀၁-၅၆၃၈၂၅ နှင့် ဒေါ်တင်တင်သန်း(တွဲဖက်ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁၅-၃၃၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(ပညာရေး)***

မြဝတီရုပ်မြင်သံကြား

၃-၁၁-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လှျပ်တစ်ပြက်
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၅။ အင်္ဂလိပ်စာသုတ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ မြန်မာသံစဉ်ချိုနှားဝင်
- ၅း၁၅ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
- ၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လှျပ်တစ်ပြက်
- ၆း၄၀ ၁၃။ ကလေးတို့ကမ္ဘာ
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၆)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဟာသရုပ်စုံ
- ၂၁။ ဗွီစီဒီကျော်ကြားတေး
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှားပစ်မှတ်များ** (အပိုင်း-၁၁)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၃၀ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာရှိ မိုးစပါးစိုက်ခင်း၌ ဒေသခံတောင်သူများ မြေဩဇာကြဲပက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများအား တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပိုင်းအခြေအနေများ၊ လမ်းဘေးဝဲ/ယာတစ်လျှောက်ရှိ စပါးစိုက်ခင်းများနှင့် သီးနှံစိုက်ခင်းများ၊ ကျောက်ပန်းတောင်းမြို့နယ် ကိုင်းကျေးရွာရှိ မိုးစပါးစိုက်ခင်း၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းလုပ်ငန်းများနှင့် ကျောက်ပန်းတောင်းမြို့နယ် အင်တောကျေးရွာရှိ မိုးပဲစင်းငုံစံပြစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ကျောက်ပန်းတောင်း-ညောင်ဦးလမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညောင်ဦးမြို့သို့ရောက်ရှိရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အဖွဲ့ဝင်များနှင့်အတူ ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာရှိ မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ကျေးရွာ၏လိုအပ်ချက်များကို ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ကျေးရွာသို့ ရောက်ရှိရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စံချိန်စံညွှန်း

ထို့နောက် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်မည့် လက်ပန်ခြေပေါ်ဘက်ကမ်း ယာယီရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီးက တံတား လမ်းအူကြောင်းနှင့် တံတားတည်ဆောက်မည့် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက စံချိန်စံညွှန်း ပြည့်မီအောင် တည်ဆောက်ရေး မှာကြားပြီး တံတားတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မကွေးတိုင်း ပခုက္ကူမြို့သို့ သွားရောက်ပြီး ဧရာဝတီတံတား (ပခုက္ကူ)တည်ဆောက်မည့် ပခုက္ကူဘက်ကမ်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပခုက္ကူမြို့နယ် မြကန်သာအပန်းဖြေဥယျာဉ်ကို ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့နယ် ကုက္ကိုလှကျေးရွာရှိ မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူက လက်ရှိ ရေပေးဝေနိုင်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အောက်တိုဘာ ၃၁ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက်ရှိ ရေလှောင်ကန်၊ ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ) သုံးထပ်ပင်မဆောင် တည်ဆောက်ပြီးစီးမှုနှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း၏ ကွန်ပျူတာတက္ကသိုလ်ဘူတာသို့ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေးမှာကြားကာ ဘူတာတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေး

ထို့နောက် ရထားဖြင့် ကွန်ပျူတာတက္ကသိုလ်-ဘဲကြီး-မြစ်ခြေ-ကျွန်းချောင်း ဘူတာရထားလမ်းတစ်လျှောက်ရှိ ဘူတာရုံများ တည်ဆောက်ပြီးစီးမှု၊ သံလမ်းခင်းကျင်းထားရှိမှု၊ ကျောက်ဖြည့်ထားရှိမှု၊ တံတားများ တည်ဆောက်ထားရှိမှုနှင့် ရထားလမ်းတာပေါင်များ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပခုက္ကူမြို့နယ် ပေါက်တောကျေးရွာအုပ်စု အိုင်ကြီးကျေးရွာ၌ မိုးစပါးရိတ်သိမ်းနေမှုနှင့် စိုက်ပျိုးရေပေးဝေနေမှုများ၊ ပုသိမ်-မုံရွာလမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးသည် မြိုင်မြို့သို့ရောက်ရှိပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်နှင့် အခြေခံ စက်ချုပ်ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ မြိုင်မြို့နယ် ပန်းစွာကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ကျေးရွာ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးသည်။

ထို့နောက် မိုးစပါးစိုက်ခင်း၊ လယ်မြေသစ်များ ဖော်ထုတ်နေမှုနှင့် ရေစကြိုမြို့နယ် ဝက်ခုတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် တောင်ယမားတံတားကိုကြည့်ရှုစစ်ဆေးပြီး ဆားလင်းကြီးမြို့နယ် ငွေသာရွာ၌ မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာရှိ ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ(ဆားလင်းကြီး)၊ ဆားလင်းကြီး-မုံရွာလမ်းပိုင်းအခြေအနေများနှင့် မြောက်ယမားတံတားကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၁၁-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြားသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ စေတနာထားကာကုသပေး ပြည်သူများရဲ့ကျန်းမာရေး
- ၈:၂၀ ၈။ **ကျွမ်းတိုင်းမကြမ်းနဲ့**
- ၈:၃၀ ၉။ နှောင်းခေတ်တေးပဒေသာ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ အကပြိုင်ပွဲ
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၂၀ ၃။ အရေးပြိုင်ပွဲ
- ၄:၃၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၄၀ ၅။ တေးဂီတအစီအစဉ်
- ၄:၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၅ ၈။ **ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး**
- ၅:၂၅ ၉။ ကြေးမုံရိပ်သွင်တေးနှယည်
- ၅:၃၅ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၅:၄၅ ၁၁။ ရင်မှာစွဲထင် တေးအလှသံစဉ် (ဝိုင်းစုခိုင်သိန်း)
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၄၀ ၁၅။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၅)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာရုပ်ရှင် **နှလုံးသားလျှို့ဝှက်ခန်း** (အပိုင်း-၂) ကျော်ဟိန်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ကြည်ဖြူသျှင်)
- ၂၁။ အစီအစဉ်ပြီး၏။

ရန်ကုန် အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်း မူခင်းကျဆင်းရေး ပြည်သူလူထုသို့ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃၁ရက်က အရိုး ကုန်းရပ်ကွက် မွေ့ရာ၌ ကျင်းပရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဉာဏ်ဝင်းက မူခင်းများ လျော့နည်းကျဆင်း ပပျောက်ရေးနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ရေး ဟောပြောစဉ်။ (၁၇၁)

စာကြည့်တိုက်များရှင်သန်ရေးနှင့် စာငှားစနစ်ကျင့်သုံးရေး မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ရေး၊ စာငှားစနစ်ကျင့်သုံးရေးအတွက် ဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ရက် နံနက် ၉နာရီက ကန်/တောင်ရပ်ကွက် နဝဒေးစာကြည့်တိုက်၌ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးခိုင်က စာကြည့်တိုက်ရှင်သန်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းပြသည်။ **(အောက်ပုံ)**

ဆွေးနွေး

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စမ်းစမ်းကျော်က စာကြည့်တိုက်များသည် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်ရာနေရာဖြစ်၍ ကြိုးပမ်းတည်ဆောက်ကြရန် ဟောပြောပြီး စာကြည့်တိုက်ကော်မတီဝင်များက ပြန်လည်ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွမ်းခြံကုန်းမြို့နယ် ကော့ခနိမ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂

အလှူရှင် ရန်ကုန်မြို့နေ ဦးကျော်ဇေယျနှင့်ဇနီး ဒေါ်နန္ဒာဒေဝီ၊ သားဘုန်းသစ်ထူး (ဝေဒီဖိနပ်နှင့် Lily ဖိနပ်ချစ်သူများ) မိသားစုတို့က ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကော့ခနိမ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ရက် နံနက် ၁၀နာရီတွင် အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး အလှူရှင်ကိုယ်စား ဒေါက်တာဒေါ်ခင်တင့်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အလှူရှင်မိသားစုတို့က ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၆၀၊ အနံပေ ၄၀ ရှိ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ငွေကျပ်သိန်း ၁၂၀ အကုန်အကျခံတည်ဆောက်ခဲ့ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အောင်သစ္စာလမ်း ကတ္တရာခင်းခြင်းအတွက် ကျောက်စီခင်းနေမှုကို စက်တင်ဘာ ၁၁ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အာစီအိုင် နှစ်ပတ်လည်ညီလာခံ မလေးရှား၌ ကျင်းပမည်

ကွာလာလမ်ပူ နိုဝင်ဘာ ၂

(၁၉)ကြိမ်မြောက် နိုင်ငံတကာလေဆိပ်ကောင်စီ (အေစီအိုင်)ကမ္ဘာ့နှစ်ပတ်လည် အထွေထွေညီလာခံနှင့် လေးကြိမ်မြောက် နိုင်ငံတကာလေဆိပ်ကောင်စီ(အေစီအိုင်) အာရှ-ပစိဖိတ်ညီလာခံကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပလျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ မလေးရှားလေဆိပ်ဦးပိုင်ကုမ္ပဏီ၊ မလေးရှားအရပ်ဘက် လေကြောင်းပို့ဆောင်ရေးဌာန၊ ပစိဖိတ်အာရှခရီးသွားလုပ်ငန်း၊ အရပ်ဘက် လေကြောင်းပြဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အပါအဝင် နိုင်ငံခြားလေကြောင်းကုမ္ပဏီအများအပြားမှ ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိသည်။

(အင်တာနက်)

ရုရှားကုန်တင်လေယာဉ်ပျက်ကျ လေယာဉ်အမှုထမ်း ၁၁ ဦးသေဆုံး

မော်စကို နိုဝင်ဘာ ၂

ရုရှားနိုင်ငံအရှေ့ဖျားဒေသ၌ စစ်ဘက်ဆိုင်ရာ ကုန်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ၁၁ဦးထက်မနည်း သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံး

ရုရှားအစိုးရပိုင် အင်ဂျင်လေးလုံးတပ် အိုင်အယ်လ်-၇၆ ကင်ဒစ်လေယာဉ်သည် ရုရှားနိုင်ငံအရှေ့ပိုင်း ဆိုက်ဘေးရီးယားဒေသ ယာကူတီရာမြို့အနီး၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပေါ်ပါသူ အမှုထမ်း ၁၁ဦးစလုံး သေဆုံးရခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေး

ယင်းဖြစ်ပွားနှင့်ပတ်သက်၍ရုရှား အရေးပေါ်အခြေအနေဆိုင်ရာဝန်ကြီးဌာနက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ဆိုသည်။ ***(အင်တာနက်)***

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတွင် စစ်ဘက်ဆိုင်ရာ ကုန်တင်လေယာဉ် ပျက်ကျပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ဟူဘေးပြည်နယ်၌ (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဆပ်ကပ်ပွဲတော်ဖွင့်ပွဲတွင် ကပြဖျော်ဖြေသည့် ဆပ်ကပ်အဖွဲ့၏ စွမ်းရည်ပြမှုကို အောက်တိုဘာ ၃၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယ၌ ရထားနှင့်ထရပ်ကားတိုက်မိ ခရီးသည် ၁၂ ဦးသေဆုံး၊ ၂၀ ဒဏ်ရာရ

နယူးဒေလီ နိုဝင်ဘာ ၂

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတရာပရာဒေ့ရှ်ပြည်နယ် ဂွန်ဒါဒေသ၌ နိုဝင်ဘာ ၁ရက်က ရထားနှင့်ထရပ်ကား တိုက်မိရာ ခရီးသည် ၁၂ဦးသေဆုံးပြီး လူ ၂၀ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

ခုတ်မောင်း

ယင်းဖြစ်ပွားမှုသည် အဆိုပါအရပ်၌ အရှိန်ဖြင့်ခုတ်မောင်းလာသည့် ရထားသည် ခရီးသည်တစ်ဦးအား တိုက်မိပြီး ရထားသံလမ်းသို့ ဖြတ်သန်းသည့် ထရပ်ကားနှင့် ထပ်ဆင့်တိုက်မိရာမှ ထရပ်ကားမှာ တိမ်းမှောက်ပျက်စီးသွားခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။

ပို့ဆောင်

ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ချက်ချင်းပို့ဆောင်ပေးကာ တချို့မှာ ပြင်းထန်သောဝေဒနာ ခံစားနေကြရသည်။

ယင်းရထားတိုက်မှုနှင့် ပတ်သက်ပြီး အသေးစိတ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

တီကရစ်၌ လမ်းဘေးဗုံးပေါက်ကွဲ၊ နှစ်ဦးသေဆုံး အီရတ်ပြည်သူစုစုပေါင်း ၆၉၉၃၁၅ဦးသေဆုံးခဲ့ပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၂

အီရတ်နိုင်ငံ တီကရစ်မြို့တွင် နိုဝင်ဘာ ၂ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သား နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွား

အီရတ်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများဖြစ်သည့် ဘဂ္ဂဒက်၊ ဘာဆာရာ၊ ရာမာဒီ၊ ကယ်ကွတ်နှင့် အခြားမြို့များတွင် အကြမ်းဖက်တိုက်ခိုက်မှုများ နေ့စဉ်နီးပါးဖြစ်ပွားလျက်ရှိရာ အီရတ်ပြည်သူများ သေဆုံးဒဏ်ရာရရှိမှု ဖြစ်ပေါ်လျက်ရှိသည်။

သေဆုံး

၂၀၀၃ခုနှစ်မှ စတင်ကာ အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်၍ ၂၀၀၉ခုနှစ် နိုဝင်ဘာ ၂ရက်အထိ အီရတ်၌ သေဆုံးသည့် ပြည်သူစုစုပေါင်းမှာ ၆၉၉၃၁၅ဦး ရှိကြောင်း သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ရထားနှင့်ထရပ်ကား တိုက်မိ

အိန္ဒိယနိုင်ငံ လက်ခ်နိုးမြို့၌ ရထားနှင့်ထရပ်ကားတစ်စီး တိုက်မိခဲ့ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရာမာဒီ၌ ကားဗုံးနှစ်လုံးထပ်ဆင့်ပေါက်ကွဲ နှစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ် ရာမာဒီမြို့၌ နိုဝင်ဘာ ၁ရက်က ကားဗုံးနှစ်လုံးထပ်ဆင့်ပေါက်ကွဲခဲ့ရာ နှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ရာမာဒီမြို့ရှိ ကားရပ်နားရာစခန်းအတွင်း ကားဗုံးနှစ်လုံး ထပ်ဆင့်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ပထမကားဗုံးပေါက်ကွဲပြီး မိနစ်အနည်းငယ်အကြာ၌ ဒုတိယကားဗုံးမှာ ထပ်မံပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

ပို့ဆောင်ပေး

ယင်းဗုံးပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိကားများနှင့် အဆောက်အအုံများ ပျက်စီးသွားခဲ့သည်။ ဗုံးပေါက်ကွဲရာနေရာအား အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ထားလိုက်ပြီး ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သည်။

ပြန်လည်ဖြစ်ပွား

အန်ဘာပြည်နယ်တွင် ပြီးခဲ့သည့်နှစ်နှစ်ကျော်မှစတင်၍ အကြမ်းဖက်မှုဆန့်ကျင်ရေးကို အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ အီရတ်နိုင်ငံအတွင်းရှိ အယ်လ်ခိုင်ဒါကွန်ရက်ကို တိုက်ခိုက်ချေမှုန်းနေသည့်ကြားမှပင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာခဲ့သည်။

(အင်တာနက်)

ပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ရာမာဒီမြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူရင်းနှီးမြှုပ်နှံမှု အီရန်နှင့်တူရကီ ပူးပေါင်းဆောင်ရွက်

အန်ကာရာ နိုဝင်ဘာ ၂

တရုတ်နိုင်ငံနှင့် အာရှနိုင်ငံများ၏ စီးပွားရေးအဖွဲ့အစည်းမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးမှုအရ အီရန်နိုင်ငံမြောက်ပိုင်း၌ ရေနံချက်စက်ရုံ တည်ဆောက်ရေးတွင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ရင်းနှီးမြှုပ်နှံရန် တူရကီနှင့်အီရန်နှစ်နိုင်ငံ သဘောတူညီခဲ့ကြောင်း အောက်တိုဘာ ၃၁ရက်တွင် ပြည်နယ်နယူးစ်အေဂျင်စီက သတင်းထုတ်ပြန်သည်။

ဖော်ပြ

မကြာသေးမီက ကျင်းပခဲ့သည့် စွမ်းအင်ဆိုင်ရာအစည်းအဝေးတွင် အီရန်နိုင်ငံ ရေနံဝန်ကြီးဌာနနှင့် တူရကီနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီမှု၌ အီရန်နိုင်ငံ၏ သဘာဝဓာတ်ငွေ့များကို ဥရောပနိုင်ငံများဈေးကွက်သို့ တူရကီနိုင်ငံ စိမ့်ပက်ထရိုကုမ္ပဏီမှ တာဝန်ယူတင်ပို့မည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

၄င်းနှစ်နိုင်ငံအနေဖြင့် ဥရောပနိုင်ငံများသို့ နှစ်စဉ်သဘာဝဓာတ်ငွေ့ ကုဗမီတာ ၃၅ဘီလီယံခန့်တင်ပို့ကာ အစုရှယ်ယာထက်ဝက်စီကို အကျိုးတူခံစားရမည်ဖြစ်သည်။

ဖိတ်ခေါ်

အီရန်နိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လျက်ရှိသည်။ **(အင်တာနက်)**

အီရတ်ဈေးကြီးမီးလောင် ဆိုင်ခန်း ၁၂၀ကျော် ပျက်စီးဆုံးရှုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၄၆၀အကွာ ဒူဟုတ်မြို့ရှိ ဈေးကြီးအတွင်း၌ နိုဝင်ဘာ ၁ ရက်က လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း အဆွတ်အယ်လ်အီရတ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ယင်းမီးလောင်မှုကြောင့် ဂျာလ်လီဈေးကြီးအတွင်းရှိ အဝတ်အထည်နှင့် အိမ်သုံးပစ္စည်းများအရောင်းဆိုင်ခန်း ၁၂၀ ကျော် ပျက်စီးဆုံးရှုံးခဲ့သည်။

(အင်တာနက်)

သမိုင်းဝင် သတင်းသုတ   သမိုင်းဝင် သတင်းသုတ   သမိုင်းဝင် သတင်းသုတ   သမိုင်းဝင် သတင်းသုတ

ဒုတိယကမ္ဘာစစ် စစ်ကြိုကာလ ကမ္ဘာ့အခြေအနေအဖုံဖုံ

ဒုတိယကမ္ဘာစစ်ကြီး မစတင်မီကာလ ဝင်ရိုးတန်းနိုင်ငံများနှင့် မဟာမိတ်နိုင်ငံများအကြား ရန်စောင်မှုများ ပိုမိုပြင်းထန်လာစေသည့် အဖြစ်များ တစ်စတစ်စ ပေါ်ထွက်များပြားလာသည်။

ပထမ ကမ္ဘာစစ်ကြီး အပြီးတွင် စစ်ရှုံးဂျာမနီနိုင်ငံအနေဖြင့် ဗာဆိုင်း စာချုပ်ကို လက်မှတ်ရေးထိုးသည်။ သို့ဖြင့် ဂျာမနီသည် ယင်း၏နယ်မြေပိုင်နက် ၁၃ ရာခိုင်နှုန်းခန့်ကို လက်လွှတ်လိုက်ရသည်။ ယင်း၏ကိုလိုနီနယ်များကို စွန့်လွှတ်ရသည့်အပြင် အခြားသော နိုင်ငံများကို သိမ်းပိုက်နယ်ချဲ့ခွင့် ပိတ်ပင်ခံရရုံမျှမက စစ်လျော်ကြေးများလည်း အများအပြား ပေးရကာ ဂျာမနီလက်နက်ကိုင်တပ်၏ ဖွဲ့စည်းမှုနှင့် အရွယ်အစားကိုပါ ကန့်သတ်ခံရသည်။

ရုရှား ပြည်တွင်းစစ် ဖြစ်ပွားပြီး ဆိုဗီယက်ပြည်ထောင်စု ပေါ်ပေါက်လာကာ မကြာမီမှာပင် ဂျိုးဇက်စတာလင်အာဏာရလာခဲ့သည်။

နေသဟာယအဖွဲ့ခေါင်းဆောင်များကို တွေ့ရစဉ်။

နေသဟာယအဖွဲ့

ယခင်က ဗြိတိသျှနေသဟာယအဖွဲ့ဟု ခေါ်ဝေါ်သုံးစွဲခဲ့သည့် နေသဟာယအဖွဲ့မှာ ဗြိတိသျှကိုလိုနီ လက်အောက်ခံဖြစ်ခဲ့သည့် နိုင်ငံများ၊ မှီခိုခဲ့ရသည့် နိုင်ငံများနှင့် ဗြိတိသျှတို့နှင့် သမိုင်းအဆက်အသွယ်မရှိသည့် မိုဇမ်ဘစ်နိုင်ငံတို့ကို ပေါင်းစည်းထားသည့် အဖွဲ့ဖြစ်သည်။

စတင်ဖွဲ့စည်း

ဤအဖွဲ့ကို ၁၉၃၁ခုနှစ်တွင် စတင်ဖွဲ့စည်းသည်။ အဖွဲ့ဝင်နိုင်ငံပေါင်း ၅၃နိုင်ငံ ပါဝင်သည်။ နေသဟာယအဖွဲ့ဌာနချုပ်မှာ လန်ဒန်မြို့ မာလ်ဘာရာဟောက်စ်၌ ဖွင့်လှစ်ထားသည်။ အဖွဲ့ဝင်နိုင်ငံများ၏ လူဦးရေစုစုပေါင်းမှာ ၁ဒသမ ၈ဘီလီယံ(ကမ္ဘာ့လူဦးရေ၏ ၃၀ရာခိုင်နှုန်း)ရှိသည်။

နေသဟာယအဖွဲ့၏ခေါင်းဆောင်မှာ ဗြိတိန်နိုင်ငံမှ အဲလ်လိဇဘတ် ဘုရင်မကြီး ဖြစ်သည်။ အဓိကအဖွဲ့အစည်းများမှာ နေသဟာယဖောင်ဒေးရှင်းနှင့် နေသဟာယ ပညာရေးအဖွဲ့တို့ဖြစ်ကြသည်။

(အင်တာနက်)

ရောမအင်ပါယာသစ်

အီတလီနိုင်ငံ၌ မူဆိုလီနီဖက်ဆစ် အာဏာရှင်တစ်ဦးအဖြစ် အာဏာရလာသည်။ ရောမအင်ပါယာသစ် ထူထောင်မည်ဟု ကြုံးဝါးလိုက်သည်။

တရုတ်ပြည်၌ ကူမင်တန်(ကေအမ်တီ) ပါတီက ဒေသဆိုင်ရာစစ်နယ်ရှင်များအား ဆန့်ကျင်သည့် ညီညွတ်ရေးလှုပ်ရှားမှုကို စတင်လိုက်ပြီး ၁၉၂၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းတွင် အမည်ခံညီညွတ်သည့် တရုတ်ပြည်ကို ကြွေးကြော်ထူထောင်သည်။ သို့သော် မကြာမတင်ကာလ၌ပင် တရုတ်ကွန်မြူနစ် မဟာမိတ်ဟောင်းများနှင့် ပြည်တွင်းစစ်ဖြစ်ရသည်။

ခုခံတွန်းလှန်

၁၉၃၁ ခုနှစ်တွင် စစ်ဝါဒီဆန်သော ဂျပန်အင်ပါယာက အာရှတိုက်ကို အုပ်ချုပ်မည့် အခွင့်အရေး၏ ပထမခြေလှမ်းအဖြစ် မန်ချူးရီးယားကို ကျူးကျော်ရေးသည် တရားမျှတပါသည်ဟုဆိုရန် မတ်ကင်အဖြစ် အပျက်ကို အသုံးချလိုက်သည်။ ယင်းနောက် တရုတ်နှင့်ဂျပန်တို့ ၁၉၃၃ ခုနှစ်တိုင်အောင် ထိပ်တိုက်ရင်ဆိုင်မှုလေးများ ကြုံတွေ့သည်။ ယင်းနောက် တရုတ်စေတနာ့ဝန်ထမ်းတပ်များက ဂျပန်ကျူးကျော်မှုကို ဆက်လက်ခုခံတွန်းလှန်သည်။

ဝန်ကြီးချုပ်ဖြစ်လာ

အဒေါ့ဖ်ဟစ်တလာသည် ၁၉၂၃ ခုနှစ်တွင် ဂျာမနီအစိုးရကို ဖြုတ်ချရန် မအောင်မြင်သည့် ကြိုးပမ်းမှုအပြီး ၁၉၃၃ ခုနှစ်တွင် ဂျာမနီဝန်ကြီးချုပ်ဖြစ်လာသည်။ ဒီမိုကရေစီစနစ်ကိုပယ်ဖျက်ပစ်သည်။ မကြာမီ နိုင်ငံတွင် အကြီးအကျယ်လက်နက်တပ်ဆင်သည်။

ဟစ်တလာ၏ခြေလှမ်းကို ပြင်သစ်၊ ဗြိတိန်နှင့်တကွ အီတလီနိုင်ငံတို့က စိုးရိမ်လာသည်။ မဟာမိတ်ဖွဲ့စည်းမှု ခိုင်မာစေရေးအတွက် အီတလီက ကိုလိုနီလက်အောက်ခံအဖြစ်ရယူလိုသော အီသီယိုးပီးယားတွင် ပြင်သစ်က အီတလီအား စိတ်ကြိုက်လုပ်ခွင့်ပေးလိုက်သည်။

ဆားလင်းကို ဂျာမနီနိုင်ငံအတွင်း ပြန်လည်၍ တရားဝင်ပေါင်းစည်းလိုက်ပြီး

ဟစ်တလာက သူ၏ပြန်လည်လက်နက်တပ်ဆင်ရေး အစီအစဉ်ကို အရှိန်မြှင့်ကာ စစ်မှုမထမ်းမနေရ ပြဋ္ဌာန်းလျက် ဗာဆိုင်းစာချုပ်ကို ငြင်းပယ်လိုက်သည့် ၁၉၃၅ခုနှစ်ဆန်းတွင် အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။

မျှော်လင့်ချက်

ဂျာမနီကိုထိန်းရန် မျှော်လင့်ချက်ဖြင့် ဗြိတိန်၊ ပြင်သစ်နှင့်အီတလီတို့က စထရက်ဆာတပ်ဦးကို ဖွဲ့စည်းသည်။ အရှေ့ဥရောပနယ်မြေတစ်ကြောကို သိမ်းပိုက်မည့် ဂျာမနီ၏ ရည်မှန်းချက်အပေါ် စိုးရိမ်သည့်ဆိုဗီယက်ပြည်ထောင်စုက ပြင်သစ်နိုင်ငံနှင့် အပြန်အလှန်ကူညီရေး စာချုပ်ချုပ်ဆိုသည်။

၁၉၃၅ခုနှစ် ဇွန်လတွင် စောစောပိုင်းကန့်သတ်မှုများကို လျှော့ချလျက် ဗြိတိန်နိုင်ငံက ဂျာမနီနှင့် လွတ်လပ်သော ရေတပ်သဘောတူစာချုပ်ကို ချုပ်ဆိုသည်။

အတည်ပြု

ဥရောပနှင့် အာရှတိုက်မှ ဖြစ်စဉ်ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ စိုးရိမ်လာသည့် အမေရိကန်နိုင်ငံက ၁၉၃၅ခုနှစ် ဩဂုတ်လတွင် ဘက်မလိုက်ရေး အက်ဥပဒေကို အတည်ပြုလိုက်သည်။ ထိုနှစ် အောက်တိုဘာလတွင် အီတလီက အီသီယိုးပီးယားကို ကျူးကျော်သည်။ ဂျာမနီတစ်နိုင်ငံကသာ ထောက်ခံသည်။ ယင်းနောက် ဩစတြီးယားနိုင်ငံအား ဩဇာခံနိုင်ငံတစ်နိုင်ငံအဖြစ် သွတ်သွင်းလိုသော ဂျာမနီ၏ရည်မှန်းချက်အပေါ် အီတလီကကန့်ကွက်ခဲ့သည်ကို ပြန်လည်ရုပ်သိမ်းပေးလိုက်သည်။

၁၉၃၆ခုနှစ် မတ်လတွင် ဟစ်တလာက ဗာဆိုင်းစာချုပ်နှင့် လိုကာနိုစာချုပ်တို့ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ကာ ပြန်လည်စစ်ရေးထူထောင်သည်။

စမ်းသပ်အသုံးပြု

၁၉၃၆ခုနှစ် ဇူလိုင်လတွင်စပိန်ပြည်တွင်းစစ်ဖြစ်သောအခါ ဟစ်တလာနှင့် မူဆိုလီနီတို့က ဖရန်စစ္စကိုဖရန်ကို၏ အမျိုးသားရေးအင်အားစုကို ထောက်ခံသည်။ ဆိုဗီယက်ပြည်ထောင်စုက စပိန်သမ္မတနိုင်ငံထူထောင်ရေးအင်အားစုကို ထောက်ခံသည်။ စပိန်ပြည်တွင်းစစ်တွင် နှစ်ဖက်စလုံးက လက်နက်သစ်များ စစ်ဆင်ရေးနည်းနာများကို စမ်းသပ်အသုံးပြုသည်။

တင်းမာမှု

တင်းမာမှုများ ကြီးထွားလာသည်နှင့်အမျှ အင်အားခိုင်မာတောင့်တင်းရေးကို ကြိုးပမ်းအားထုတ်လာကြသည်။ ၁၉၃၆ခုနှစ် အောက်တိုဘာလတွင် ဂျာမနီနှင့်အီတလီတို့က ဝင်ရိုးတန်းမဟာမိတ်ဖွဲ့လိုက်သည်။ နောက်တစ်လတွင် ဂျာမနီနှင့်ဂျပန်တို့က ကူမင်တန်ဆန့်ကျင်ရေးစာချုပ်ကို လက်မှတ်ထိုးသည်။ နောက်တစ်နှစ်တွင် အီတလီပါဝင်လာသည်။ တရုတ်ပြည်တွင် ဂျပန်ကိုဆန့်ကျင်ရန် တပ်ဦးဖွဲ့ရေးအတွက် ကူမင်တန်နှင့်ကွန်မြူနစ်အင်အားစုများ အပစ်အခတ်ရပ်ရန် သဘောတူခဲ့ကြသည်။ ။

ကိုးကား-အင်တာနက်

တိုး စုစည်းတင်ပြသည်

စာချုပ် လက်မှတ်ထိုး

ပထမကမ္ဘာစစ်ကြီးအပြီးတွင် ဂျာမနီ နိုင်ငံက ဗာဆိုင်းစာချုပ်ကို လက်မှတ်ရေးထိုးခဲ့စဉ်။

တင်းမာမှုများ ကြီးထွားလာသည်နှင့်အမျှ အင်အားခိုင်မာတောင့်တင်းရေးကို ကြိုးပမ်းအားထုတ်လာကြ။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်မြင့်ဆွေ - စုစည်းရေးသားသည်

တရုတ်အရှေ့ပိုင်းကမ်းလွန်တွင် လှိုင်းလေပြင်းထန် အီရန်သင်္ဘောသားများအား အရေးပေါ်ကယ်ဆယ်

တရုတ်နိုင်ငံ အရှေ့ပိုင်းကမ်းလွန်တွင် နိုဝင်ဘာ ၂ရက် နံနက်က လေပြင်းများတိုက်ခတ်မှုနှင့် ကြီးမားသော ရေလှိုင်းများ ဖြစ်ပေါ်ရိုက်ခတ်မှုကြောင့် အီရန်ကုန်တင်သင်္ဘောမှာ နီးရာကမ်းကပ်ရပ်ထားရပြီး သင်္ဘောသားများအား ရဟတ်ယာဉ်ဖြင့် အရေးပေါ်ကယ်ဆယ်ပေးခဲ့ရကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ပါကစ္စတန် ရာဝါပင်ဒီ၌ ဗုံးခွဲတိုက်ခိုက်၊ ၃၄ဦးသေဆုံး

ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့တွင် ဟိုတယ်နှင့်ဘဏ်တို့ရှိသောနေရာ၌ နိုဝင်ဘာ ၂ရက်က ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားရာ ၃၄ဦးသေဆုံးပြီး လူ ၃၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ ***(အောက်ပုံ)***

တရုတ်အနောက်တောင်ပိုင်း၌ ငလျင်လှုပ် အိမ် ၃၀၀၀၀ကျော် ပြိုလဲပျက်စီး

တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ပိုင်းတွင် နိုဝင်ဘာ ၂ရက်က ရစ်ချ်တာစကေး ၅အဆင့်ရှိသော ငလျင်လှုပ်ခဲ့ရာ အိမ် ၃၀၀၀၀ကျော် ပြိုလဲပျက်စီးပြီး ၂၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒေသခံ ၂၈၀၀၀၀ကျော် ငလျင်ဒဏ်ခံခဲ့ရကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဩစတြေးလျအနောက်မြောက်ပိုင်း၌ ကူးတို့ရေယာဉ်နစ်မြုပ်

ဩစတြေးလျနိုင်ငံ အနောက်မြောက်ပိုင်း ကမ်းလွန်တွင် နိုဝင်ဘာ ၂ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ ၁၅ဦးသေဆုံးခဲ့ကြောင်း၊ ကျန်ခရီးသည်များအား ကယ်ဆယ်နိုင်ခဲ့ကြောင်း ဩစတြေးလျ အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးများ ကျဆင်းလျက်ရှိရာ ဂျပန်ဈေးကွက်တွင် နိုဝင်ဘာ ၂ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်ယန်း ၉၀အထိ ကျဆင်းခဲ့ကြောင်း ဂျပန်ငွေကြေးအရာရှိများက ပြောကြားသည်။

(၁၃)ကြိမ်မြောက် ကမ္ဘာ့ရေအိုင်ကြီးများညီလာခံ တရုတ်နိုင်ငံ ဝူဟန်မြို့၌ ကျင်းပ

(၁၃)ကြိမ်မြောက် ကမ္ဘာ့ရေအိုင်ကြီးများညီလာခံကို တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ဝူဟန်မြို့၌ နိုဝင်ဘာ ၂ရက်က စတင်ကျင်းပရာ ကမ္ဘာ့နိုင်ငံပေါင်း ၅၀မှ ကိုယ်စားလှယ် ၁၂၀၀ခန့် တက်ရောက်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဗီယက်နမ်အလယ်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဖူယန်ပြည်နယ်တွင် နိုဝင်ဘာ ၂ရက်က တစ်နာရီလျှင် ၆၃မိုင်နှုန်း တိုက်ခတ်သောမုန်တိုင်းကြောင့် ဒေသခံပြည်သူ ထောင်ပေါင်းများစွာ ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ရေလွှမ်းမှုကြောင့် လူ ၂၀သေဆုံးခဲ့ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

3-11 (05).pmd 1 11/3/2009, 1:45 AM

● *ကျောဖုံးမှ*

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင် အသင်းကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ လေ့လာရေး တိုင်းရင်းသား တိုင်းရင်းသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အဆိုပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား မဟာဂီတပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မဟာဂီတပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား မဟာဂီတပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက်၁၅ နှစ်မှ ၂၀) အမျိုးသား မဟာဂီတပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား မဟာဂီတပြိုင်ပွဲနှင့် အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား မဟာဂီတပြိုင်ပွဲတို့၌ ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က အဆိုပြိုင်ပွဲ၏ မဟာဂီတအဆင့်အလိုက် အမျိုးသမီးပြိုင်ပွဲများ၌ ဆုရရှိကြသူများအားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်က အဆိုပြိုင်ပွဲ၏ ခေတ်ဟောင်း/ ကာလပေါ်တေးအဆင့်အလိုက် အမျိုးသားပြိုင်ပွဲများ၌ ဆုရရှိကြသူများအားလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အဆိုပြိုင်ပွဲ၏ ခေတ်ဟောင်း/ကာလပေါ်တေး အဆင့်အလိုက် အမျိုးသမီးပြိုင်ပွဲများ၌ ဆုရရှိကြသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဒုံမင်းပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းမှ ဦးစိန်ဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား တယောပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်မှ ဦးကြည်မောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးတယောပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်မှ မအေးစုမွန်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့က အကပြိုင်ပွဲနှင့် ကွက်စိပ်ပြိုင်ပွဲတို့၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ရုပ်စုံသဘင်

ယင်းနောက် ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ရုပ်စုံသဘင် ဝါသနာရှင်အဆင့်(ပထမတန်း) ကုလ္လိသဒ္ဒိစိတ္တဇာတ်တော်ပြိုင်ပွဲ၊ ရုပ်သေးပြိုင်ပွဲ၊ ဝါသနာရှင်အဆင့်(ပထမတန်း) သားကောင်းရတနာပြဇာတ်ပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့်(ပထမတန်း)ဇာတ်သဘင်ဥဂ္ဂသေနဇာတ်တော်ကြီးပြိုင်ပွဲတို့၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အရေးပြိုင်ပွဲ၌ ဆုရရှိကြသူများအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ရှေ့နေချုပ် ဦးအေးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းစိုးနှင့် ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဘဏ်ထွန်းအောင်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်တို့က အတီးပြိုင်ပွဲ၏ စောင်း၊ ပတ္တလား၊ စန္ဒရား၊ ဂီတာနှင့် မယ်ဒလင်ပြိုင်ပွဲများ၌ ဆုရရှိကြသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဒုံမင်းပြိုင်ပွဲ

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဒုံမင်းပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးစိန်ဝင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးမြင့်စိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးတင့်ခိုင်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ဒုံမင်းပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဦးမိုးဝေ၊ ဒုတိယဆုရရှိကြသည့် ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်း၊ မွန်ပြည်နယ်မှ ဦးနိုင်ဦး၊ ရန်ကုန်တိုင်းမှ မောင်စိုင်းကျော်ထူးနှင့် တတိယဆုရ ချင်းပြည်နယ်မှ ဦးကြည်ဝင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ဒုံမင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်လှိုင်ဝမ်းတူးနှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်သူရတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့်(အသက်၁၅နှစ်မှ၂၀) အမျိုးသား ဒုံမင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်စည်မင်းထက်နှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာစိုးဦး၊ အခြေခံပညာအဆင့်(အသက်၁၀နှစ်မှ ၁၅နှစ်) အမျိုးသားဒုံမင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဗညားဦး၊ ဒုတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းမှ မောင်နေဗလကျော်နှင့် ရန်ကုန်တိုင်းမှ မောင်ထက်ကိုကိုလင်း၊ အခြေခံပညာအဆင့်(အသက်၅နှစ်မှ၁၀နှစ်) အမျိုးသားဒုံမင်းပြိုင်ပွဲ၌ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်သော်တာမှူးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်တိမ်မင်းခန့်ဇော်၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီး ဒုံမင်းပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဒေါ်ခိုင်သန္တာစိုး၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ရည်ဖုန်းရွှေ၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးဒုံမင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မကြည်ပြာဦးနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မထက်လေးရွှေဘိုတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ယင်းနောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးဒုံမင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မစုပြည့်ဖြိုးမွန်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မသန္တာငွေ၊ အခြေခံပညာအဆင့်(အသက်၁၅နှစ်မှ၂၀) အမျိုးသမီးဒုံမင်းပြိုင်ပွဲ၌ ပထမဆုရ မကွေးတိုင်းမှ မနန်းကြာညိုကျော့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မစုမြတ်နိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မခင်မြင့်မြတ်မောင်(ခ)ခင်မြန်မာ၊ အခြေခံပညာအဆင့် (အသက်၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီးဒုံမင်းပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မဆုပြည့်ဖြိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မအိအိချော၊ အခြေခံပညာအဆင့် (အသက်၅နှစ်မှ၁၀နှစ်)အမျိုးသမီးဒုံမင်းပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မမီမီနိုင်စိုး(ခ)ဖွားချစ်နှင့် မခင်ယဉ်မင်းဆုတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက အတီးပြိုင်ပွဲ၏ဝါသနာရှင်အဆင့်(ပထမတန်း) နှဲပြိုင်ပွဲတွင် ပထမဆုရ မကွေးတိုင်းမှ ဦးထွန်းကြိုင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးစံအုန်းနှင့်တတိယဆုရ ရန်ကုန်တိုင်းမှ ဦးညွန့်ဝင်းနိုင်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) နှဲပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးထွန်းဦး၊ ဒုတိယဆုရ မကွေးတိုင်းမှ ဦးကျော်ကိုလတ်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ထွန်းထွန်းဝင်း၊ အဆင့်မြင့်ပညာအဆင့် နှဲပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဟိန်းဝေလွင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်စိုးမင်းသူနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ငြိမ်းချမ်းအောင်၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) နှဲပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ကောင်းမြတ်ဝေ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ဇင်ဝိုင်းနှင့် တတိယဆုရ မွန်ပြည်နယ်မှ မောင်ချစ်ဖြိုးလျှံ၊ အခြေခံပညာအဆင့် (အသက်၁၀နှစ်မှ ၁၅နှစ်)နှဲပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ငြိမ်းဝင်းမိုး၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်ပြည့်ဖြိုးအောင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်နေဇော်ဦး၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) နှဲပြိုင်ပွဲ၌ ပထမဆုရ မကွေးတိုင်းမှ မောင်ကျော်မင်းထက်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထွန်းထက်ပိုင်ဦးနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ရာဇာဖြိုးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

တယောပြိုင်ပွဲ

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုးက အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားတယောပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ ဦးကြည်မောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးလှအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးဘခက်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားတယောပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးယုမောင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးသက်အောင်စိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးတင်ရှိန်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားတယောပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ ဒုတိယဆုရ တနင်္သာရီတိုင်းမှ မောင်ဟိန်းကိုကိုနှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ရဲရင့်ကိုကိုတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့်(အသက် ၁၅နှစ်မှ ၂၀) အမျိုးသားတယောပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်မင်းသုခ၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ မောင်ယောဘနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်မျိုးသီဟကို၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသားတယောပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စောကော်ဒိုစိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်လွင်မိုးသူနှင့် တတိယဆုရ ကချင်ပြည်နယ်မှ မောင်ဂျောန်းဆိုင်းလတ်အောင်၊ အခြေခံပညာအဆင့်(အသက် ၅ နှစ်မှ ၁၀နှစ်) အမျိုးသား တယောပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စောနိုကီရာဆော့၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ မောင်ဒါရှီဇိုင်ဂျတ်နော်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်စောဂေဘရယ်ကျော်မြတ်သင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးတယောပြိုင်ပွဲ

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး တယောပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မအေးစုမွန်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး တယောပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မရွှေရင်ငြိမ်းနှင့် တတိယဆုရ ကယားပြည်နယ်မှ မနော်မူယယ်စေး၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး တယောပြိုင်ပွဲ၌ ပထမဆုရ ကယားပြည်နယ်မှ မနော်ဒိုနေထူး၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မချစ်ပုံ့ပုံ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မစန်းစန်းဝေ၊ အခြေခံပညာအဆင့်(အသက်၁၅ နှစ်မှ ၂၀)အမျိုးသမီး တယောပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မအေးလင်းသူ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မပန်ပန်ရွှေစိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မနော်သင်းသင်းလှ၊ အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး တယောပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မခင်မြန်မာနိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဆုရတနာမွန်နှင့် တတိယဆုရ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ အခြေခံပညာအဆင့်(အသက် ၅နှစ်မှ ၁၀နှစ်)အမျိုးသမီး တယောပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနော်မူဆဲဝင်း၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မဆုပြည့်ပြည့်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မနှင်းဆီမင်းအေးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးရဲလင်းဗိုလ်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးဟိန်းရာဇာနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဦးကောင်းသန့်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသား ဆိုင်း(တစ်ဦးချင်း) ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးကျော်မိုးနိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးစိန်ပေါက်စီနှင့် တတိယဆုရ ပဲခူးတိုင်းမှ ဦးကျော်စိုးဟန်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ဆိုင်း(တစ်ဦးချင်း) ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ထက်အာကာ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမောင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်မင်း၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀)အမျိုးသား ဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ဘိုဘိုကျော်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်ချစ်ဖြိုးလျှံနှင့် တတိယဆုရ မကွေးတိုင်းမှ မောင်ဘဏ်လင်းထက်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆိုင်း(တစ်ဦးချင်း)

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက အတီးပြိုင်ပွဲ၏အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) ဆိုင်း (တစ်ဦးချင်း)ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်သူရထက်နိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုကိုစိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူ၊ အခြေခံပညာအဆင့်(အသက်၅နှစ်မှ၁၀နှစ်) အမျိုးသား ဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဆန်းဆင့်မောင်မောင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်အောင်သူနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်စိုးညီညီ၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီး ဆိုင်း(တစ်ဦးချင်း) ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မပေါက်ကျော်မ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မခိုင်ဇာဝင်းနှင့် တတိယဆုရ မွန်ပြည်နယ်မှ မဘိုမ၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီး ဆိုင်း (တစ်ဦးချင်း)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်လှလှငွေးနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဆင့်မြင့်ပညာအဆင့် အမျိုးသမီးဆိုင်း(တစ်ဦးချင်း) ပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မသီရိသန့်စင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မဝင်းမြတ်ကြည်နှင့် တတိယဆုရ မွန်ပြည်နယ်မှ မရွှေမိမိအောင်၊ အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ ၂၀)အမျိုးသမီးဆိုင်း (တစ်ဦးချင်း) ပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်(ခ) မြန်မာပြည်ဘိုမ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မနန္ဒာဝင်းဗိုလ်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မဝင်းနန္ဒာလွင်၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး ဆိုင်း (တစ်ဦးချင်း)ပြိုင်ပွဲ၌ ပထမဆု ရရှိကြသည့် မကွေးတိုင်းမှ မနှင်းအိခိုင်နှင့် စစ်ကိုင်းတိုင်းမှ မရွှေရည်စန်းလွင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မဝေဝေလွင်၊ အခြေခံပညာ အဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီးဆိုင်း (တစ်ဦးချင်း)ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မပုန်းညက်ဖြူ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမီမီနိုင်စိုး(ခ) ဖွားချစ်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မနှင်းဝတ်ရည်ထူး(ခ)စနေမတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆိုင်း(အဖွဲ့လိုက်)

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးလှမြင့်ဦးက အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးစိန်မင်းနိုင်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မြန်မာပြည်သားလေးဖိုးဇော်နှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဦးကောင်းသန့်နှင့်အဖွဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးအောင်မြင့်ဗိုလ်နှင့် အဖွဲ့၊ ဒုတိယဆုရ မကွေးတိုင်းမှ မောင်စွမ်းထက်နှင့် အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထက်ကိုကိုနှင့်အဖွဲ့၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ထက်အာကာနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်စိုးသီဟနှင့်အဖွဲ့နှင့် တတိယဆုရမန္တလေးတိုင်းမှ မောင်မင်းမင်းမြတ်နှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ ၂၀)အမျိုးသားဆိုင်း (အဖွဲ့လိုက်)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိန်းကျော်နှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ

စာမျက်နှာ ၇ ကော်လံ ၁ သို့

မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်း
တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ ကြည့်ရှုစစ်ဆေး

မြေသားလုပ်ငန်း

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာအနီးတွင် စက်ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

နေပြည်တော် နိုဝင်ဘာ ၂

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် နိုဝင်ဘာ ၁ရက်တွင် စစ်တွေမြို့ ပြည်တော်သာဘူတာမှ RBE အထူးရထားဖြင့် ပြည်တော်သာဘူတာနှင့် ရေချမ်းပြင် ဘူတာအကြား ရထားလမ်းနှင့် ဘူတာအဆောက်အအုံများ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဇော်ထူးက စစ်တွေ-ပုဏ္ဏားကျွန်း လမ်းပိုင်းနှင့် ပုဏ္ဏားကျွန်း-ကျောက်တော် လမ်းပိုင်းတွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ မှာကြားကြသည်။

အရှည်အသွေးစမ်းသပ်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးများသည် ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ကျေးရွာအနီး၌ ကွမ်းတောင်ဘူတာ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ပုဏ္ဏားကျွန်းဘူတာ၌ ဘူတာနှင့်ဝန်ထမ်းအိမ်ရာများတည်ဆောက်ပြီးစီးမှုနှင့်လမ်းခင်းကျောက်အဖြစ် အသုံးပြုမည့် ဒေသထွက်ကျောက်များ၏ အရှည်အသွေးကို စမ်းသပ်ကြည့်ရှု စစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာအနီး စက်ယန္တရားများဖြင့် တောင်ကြော၌ မြေသားလုပ်ငန်း ဆောင်ရွက်မှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာရှိ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပြီးစီးပါက

အဆိုပါ ရထားလမ်းပြီးစီးသွားပါက စစ်တွေ-အမ်း-မင်းဘူး၊ ၄င်းမှတစ်ဆင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့ အလွယ်တကူ သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ ဦးစိန်မင်းနိုင်နှင့် အဖွဲ့အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အိုးစည်ပြိုင်ပွဲ ဆုချီးမြှင့်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အိုးစည်ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

မောင်ရဲရင့်နောင်နှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ဗိုလ်ထူးနှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်)အမျိုးသား ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူနှင့်အဖွဲ့၊ ဒုတိယဆုရရှိကြသည့် ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဗိုလ်ရဲထက်နှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်ရှိုင်းအောင်နှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ကောင်းဆက်ပြည့်စုံငြိမ်း(ခ)ပြည့်စုံအောင်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ခန့်မျိုးနောင်(ခ)ဒင်္ဂါးနှင့်အဖွဲ့၊ တတိယဆုရ ဧရာဝတီတိုင်းမှ မောင်စိုးညီညီနှင့်အဖွဲ့တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲ

ဆက်လက်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်အောင်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မပေါက်ကျော်မနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မခင်သစ်လွင်နှင့်အဖွဲ့၊ တတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်လှလှခိုင်နှင့်အဖွဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဝင့်သဇ္ဇာစတင်းနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်လှလှဌေးနှင့်အဖွဲ့၊ တတိယဆုရ ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်းနှင့်အဖွဲ့၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မဝင်းမြတ်ကြည်နှင့်အဖွဲ့၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မရွှေမိမိအောင်နှင့်အဖွဲ့၊ တတိယဆုရ ရန်ကုန်တိုင်းမှ မစန်းမြမြနှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မနန္ဒာဝင်းဗိုလ်နှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မခင်ခင်ဗိုလ်နှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မမြတ်သဇင်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမေရီလွင်နှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မမီမီနိုင်စိုး(ခ)ဖွားချစ်နှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မယွန်းဝတီအောင်ကျော်စိုးနှင့်အဖွဲ့၊ တတိယဆုရ ရန်ကုန်တိုင်းမှ မနှင်းဝတ်ရည်ထူး(ခ)စနေမနှင့်အဖွဲ့တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသား အိုးစည်ပြိုင်ပွဲ

ယင်းနောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အိုးစည်ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်နှင့်အဖွဲ့၊ တတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းမှ မောင်ရဲဝင်းထွန်းအဖွဲ့နှင့် မန္တလေးတိုင်းမှ ဦးကျော်မင်းနှင့်အဖွဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား အိုးစည်ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်နှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်လင်းထိုက်အောင်နှင့်အဖွဲ့နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးထွန်းမြင့်အောင်နှင့်အဖွဲ့၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား အိုးစည်ပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ကျော်စိုးသက်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ညွန့်အောင်(ခ)နိုင်အောင်လင်းနှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ဖြိုးကိုကိုနှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသား အိုးစည်ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်စိန်ဗိုလ်ထွားနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိုင်းကျော်နှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ကျော်ကျော်ထွန်းမောင်နှင့်အဖွဲ့တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသား ဒိုးပတ်ပြိုင်ပွဲ

ဆက်လက်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦးက အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဒိုးပတ်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်နှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့် အဖွဲ့နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ရဲဝင်းထွန်းနှင့်အဖွဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဒိုးပတ်ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်နှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်လင်းထိုက်အောင်နှင့်အဖွဲ့နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးခိုင်သူနှင့်အဖွဲ့၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ဒိုးပတ်ပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်မင်းသိခ်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်မြတ်မိုးပိုင်(ခ)ပိုင်ပိုင်နှင့်အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝေယံချိုနှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသား ဒိုးပတ်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ထွန်းဦး(ခ)စိန်တွတ်တီးနှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်သော်ဇင်ဖြိုးနှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်စိန်ဗိုလ်ထွားနှင့်အဖွဲ့တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ကျင်းပပြီးစီး

ယင်းနောက် အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် အမျိုးသား မယ်ဒလင်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသူ ရန်ကုန်တိုင်းမှ မောင်အောင်က မယ်ဒလင်လက်သံဖြင့် တင်ဆက်ဖျော်ဖြေပြီး (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

ပြည်မြန်မာသတင်းဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၉၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ဘဏ်စနစ်ပါသော မြန်မာ့အကြီးဆုံး စီးပွားရေးအဆောက်အအုံကို ရန်ကုန်မြို့တွင်တည်ဆောက်လျက်ရှိ၊ မြန်မာ့ပထမဆုံး ပြိုင်ကားမောင်းကွင်း၌ နိုင်ငံတကာ ကားပြိုင်ပွဲများကျင်းပမည်၊ လုပ်ငန်းပြောင်းလိုသော ကြွပ်ကြွပ်အိတ်လုပ်ငန်းရှင်များကို YCDC က လိုင်စင် အမြန်ဆောင်ရွက်ပေးမည်၊ ၂၀၁၂ခုနှစ်တွင် ကမ္ဘာပျက်မည်ဟူသော အင်တာနက်သတင်းနှင့်ပတ်သက်၍....၊ အရှေ့တောင်အာရှ ချန်ပီယံလုပွဲအကြို မြင်းစီးပြိုင်ပွဲ ပုဂံညောင်ဦး၌ကျင်းပ၊ မြန်မာ-အိန္ဒိယ ပူးပေါင်းအကောင်အထည်ဖော်နေသည့် အကြီးစား ကုန်တင်ယာဉ်စက်ရုံ မကြာမီပြီးစီးတော့မည်၊ ကိုရီးယားတွင် EPS စနစ်ဖြင့် အလုပ်လုပ်နေသူများ သုံးနှစ်ပြည့်သော်လည်း ထပ်မံနေထိုင် အလုပ်လုပ်ခွင့်ရတော့မည်၊ ရန်ကုန်မြို့ရှိ မီးပွိုင့်များတွင် e-police ကင်မရာ အလုံး ၃၀ ထပ်မံတပ်ဆင်မည်၊ အွန်လိုင်းမှတစ်ဆင့် ထီထိုးသူများပြားလာ၊ ဒုတိယကမ္ဘာစစ်ကာလက မြေပုံကို အခြေခံ၍ ငွေဆောင်ကမ်းခြေကို သုတေသနပြုမည်၊ မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော ရုပ်လုံးသွင်း ပညာရှင်က ဆင့်ပွားသင်တန်းပေးနေ၊ ဆိုင်းဘုတ်တင်ရန် အချိန်အခါရွေး ဝက်ဘ်ဆိုက်ကို မြန်မာ့ပထမဆုံးအဖြစ် နက္ခတ်ပညာရှင်များ လွှင့်တင်၊ G-talk မှတစ်ဆင့် ကုန်ဈေးနှုန်းမေးနိုင်ပြီ၊ အထက်တန်းကျောင်းသားများကိုလည်း ပညာသင်ဆုပေးမည်၊ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်းဖွဲ့စည်း၊ မန္တလေးမြို့တွင် ပြိုင်ကားမောင်းကွင်း ထပ်မံတည်ဆောက်မည်၊ အမျိုးသမီးတစ်ဦး နှာချေမိရုံဖြင့် ခါးရိုးကျိုးသွားခဲ့၊ ရေသူမလေး အသက် ၁၀နှစ်အရွယ်၌ ကွယ်လွန်၊ ရေသောက်ပြိုင်ပွဲ၌ သေဆုံးသွားရသူအတွက် ဒေါ်လာ သန်းနှင့်ချီ၍ လျော်ကြေးပေးရ၊ ငါးနှစ်သားကာယဗလမောင် ကမ္ဘာ့စံချိန်မှတ်တမ်းဝင်သွား၊ ဖွန်းနှင့် ခက်ရင်း ၇၈ခုကို မျိုချခဲ့ပြီးနောက် ခွဲစိတ်မှုခံယူရ၊ ဂျပန်ဖျက်သင်္ဘောနှင့် မြန်မာသင်္ဘောသားများပါသည့်တောင်ကိုရီးယား ကုန်တင်သင်္ဘောတိုက်မိပြီး မီးလောင်၊ ရုပ်ရှင်ထဲကအတိုင်း ရုတ်တရက် ရေငုပ်သင်္ဘောအဖြစ် ပြောင်းလဲအသုံးပြုနိုင်သည့်လှေ တီထွင်၊ အိန္ဒိယ၌ ရေနံသိုလှောင်ရုံ မီးလောင်ရာ လူငါးသိန်းခန့် အရေးပေါ်ရွှေ့ပြောင်းခဲ့ရ၊ အုံ့ဖွယ်ပန်းချီဆရာက ရဟတ်ယာဉ်ဖြင့် မြို့ကို မိနစ်၂၀ကြာ ကြည့်ပြီးနောက် ၁၈ပေ ပန်းချီကားကြီးရေးဆွဲ၊ အသက် ၁၁၂နှစ် အဘိုးအိုက ၁၇နှစ်သမီးနှင့် လက်ထပ်၊ မော်စကိုမြို့၌ ရုရှားသန်းကြွယ်သူဌေးပွဲတော်ကျင်းပ၊ သီရိလင်္ကာ၌လည်း တုတ်တုတ် သုံးဘီးကားများ ခေတ်စားလာ...." စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်ထားသော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်း

မော်လမြိုင် နိုဝင်ဘာ ၂

မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၉ခုနှစ် အောက်တိုဘာလ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ အောက်တိုဘာ ၂၉ရက် နံနက် ၉နာရီတွင် ကျင်းပရာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က လုပ်ငန်းတာဝန်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ မော်လမြိုင်ခရိုင် ဦးစီးအရာရှိ ဒေါ်လှလှဦးက ခရိုင်အတွင်းရှိ မြို့နယ်ရုံးများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်ရုံးများမှ မြို့နယ်ဦးစီးမှူးများက ၂၀၀၉ခုနှစ် အောက်တိုဘာလ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများ၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြချက်များအပေါ် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က ဦးစီးဌာန (ရုံးချုပ်)၏ လုပ်ငန်းဆောင်ရွက်မှု ညွှန်ကြားချက်များ၊ အုပ်ချုပ်မှုဆိုင်ရာ ညွှန်ကြားချက်များအပေါ် အလေးထားလိုက်နာဆောင်ရွက်ရေး၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် ဆောင်ရွက်နေသည့် စာငှားစနစ် ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စံ(၅)ချက်နှင့် ကိုက်ညီသည့် စာကြည့်တိုက်များ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေး၊ နိုင်ငံတော် ခွင့်ပြုငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် မော်လမြိုင်ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက် ငါးတိုက် ဆောက်လုပ်မှုကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ ဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုရှိစေရန် မေးပြီးမေး၊ စစ်ပြီးရင်းစစ် စနစ်ဖြင့် လေ့ကျင့်ပေးကြရန် ပြောကြားပြီး မြို့နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ ခရိုင်ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူးများ၊ ခရိုင်ရုံးဝန်ထမ်းများ စုစုပေါင်းအင်အား ၁၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

* *ရှေ့ဖုံးမှ*

ဘိုကလေးမြို့ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညွှန့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊

ဖျာပုံမြို့၌ တည်ဆောက်လျက်ရှိသော တိုးချဲ့ခုတင်(၂၀၀)ဆေးရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က မြို့နယ်အတွင်းရှိ လေဘေးသင့်ခဲ့သည့် ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ပြီးစီးမှု၊ လေဘေးသင့်ဒေသများအတွင်း ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှု၊ မြို့နယ်ခန်းမနှင့် မိုးလုံလေလုံအားကစားခန်းမ တည်ဆောက်နေမှု၊ စက်ဆန်းကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ Communication Center ဆောက်လုပ်ပြီးစီးမှု၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ရေရရှိရေး ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းများ ပြန်လည်ထူထောင် လုပ်ကိုင်နိုင်ရန် ပံ့ပိုးထောက်ပံ့ပေးမှုအခြေအနေ၊ လယ်ယာထွက်ကုန် သီးနှံများနှင့် ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေ၊ Cyclone Shelter များ တည်ဆောက်နေမှု၊ တည်ဆောက်လျက်ရှိသော လမ်း/တံတားအခြေအနေများနှင့် ဒီရေတောစိုက်ခင်းများ ပြန်လည်ထူထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖျာပုံမြို့နယ် သမိန်ထော၊ ကုန်းတန်း၊ တင်ပုလွဲ၊ သိမ်ကုန်း၊ ကနီ၊ ဒမင်းဆိပ်ကျေးရွာများမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထူထောင်ရာ၌ စနစ်ကျနစွာ စည်ပင်သာယာဖွံ့ဖြိုးလာရေး၊ နောင်၌ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက အရံအတားဖြစ်စေရေးအတွက် လေကာသစ်ပင်များကို သစ်တောအုပ်များသဖွယ်ဖြစ်ပေါ်အောင် စိုက်ပျိုးထူထောင်ရေး၊ အရေးပေါ်သက်ကယ်ကုန်းများ တည်ဆောက်ပြီးစီးရေး၊ အခြား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အချိန်မီ အပြီးသတ်တည်ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ရှိန်၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၈နာရီ ၅၅မိနစ်တွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့သို့ ရောက်ရှိသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘိုကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့ ရောက်ရှိရာ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အသင်းရုံးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက ဘိုကလေးမြို့နယ်၏ နာဂစ်မုန်တိုင်းဒဏ်ခံရပြီးနောက် တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အခြေအနေ၊ စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်နိုင်မှုတို့ကို ပဏာမရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဘိုကလေးမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့်

ဆက်လက်၍ ထူးထရေးဒင်းကုမ္ပဏီဥက္ကဋ္ဌနှင့် ဒိုင်းမွန်းမာကျူရီကုမ္ပဏီဥက္ကဋ္ဌတို့က ဘိုကလေးမြို့နယ်အတွင်း ကုမ္ပဏီအလိုက် တာဝန်ယူတည်ဆောက်နေသော Cyclone Shelter၊ သက်ကယ်ကုန်းနှင့် သောက်သုံးရေကန် တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

လမ်းကွန်ရက်

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင်လမ်းမကြီး ရှစ်ခုဖြစ်သည့် မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူလမ်း၊လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း၊ ဖျာပုံ-ကျုံကဒွန်း- ဒေါ်ငြိမ်း-အမာလမ်း၊ ကျုံကဒွန်း-စက်ဆန်းလမ်းတို့တွင် လမ်း/တံတားလုပ်ငန်းများ တိုးတက်ဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ လမ်းများအလိုက် ဆက်လက်တည်ဆောက်နေသော တံတားများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက လမ်းအလိုက် တည်ဆောက်ရမည့် တံတားအခြေအနေများ၊ တည်ဆောက်ပြီးစီးသော တံတားများနှင့်စပ်လျဉ်း၍ မေးမြန်းပြီး လမ်း/တံတား အခြေပြမြေပုံကို ကြည့်ရှု၍ အသေးစိတ်လိုအပ်သည်များကို ညွှန်ကြားသည်။

စိုက်ပျိုးထူထောင်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးက ထပ်မံရှင်းလင်းလမ်းညွှန်ရာ၌ တင်ပြချက်များနှင့်စပ်လျဉ်း၍ မြို့နယ်အတွင်းရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် စိုက်ပျိုးရေးနှင့် သားငါးကဏ္ဍများ အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး၊ မုန်တိုင်းသင့်သော ကျေးရွာများကို ပြန်လည်

ဖျာပုံမြို့နယ် ဒမင်းဆိပ် ကျေးရွာ Cyclone Shelter အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဒမင်းဆိပ်ကဲ့သို့ ... လာမည့်မတ် ...

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ ...
ပြန်လည်ဖွံ့ဖြိုး တိုးတက်မှု အခြေအနေများက ...
လှည့်လည်ကြည့်ရှုကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ ဗို ...
အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် စက်ဆ ...
အမာစသည့် ကျေးရွာများ၏ ပြန်လည်တည် ...
ဖွံ့ဖြိုးမှုအခြေအနေ၊ လမ်းများဖောက်လုပ်ထားမှုန ...
အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် ဒီ ...
လှည့်လည်ကြည့်ရှုကြပြီး ဖျာပုံမြို့နယ် ဒမင်းဆိပ် ...

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ...
လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ...
ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဒမင်းဆိပ် ...
ကျေးရွာများမှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ...
သည်။

ဒမင်းဆိပ်ကျေးရွာ ...

ယင်းနောက် ဒမင်းဆိပ်ကျေးရွာရှိ Cyclon ...
ဗိုလ်ချုပ်မှူးကြီးအား ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က ဒမ ...
လူဦးရေနှင့် လမ်းပန်းဆက်သွယ်ရေး အခြေ ...
တည်ဆောက်ရန် မြေနေရာရွေးချယ်ခဲ့မှုနှင့် တည် ...
များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့ရွာများ ပြန်လည်ထူထောင် ...
ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗို ...
တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များ၌ ...
တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေတို့ကို ...
ဆောက်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဒမင်းဆိပ်ကျေး ...
တာဝန်ယူတည်ဆောက်ပြီးစီးမှုကို ရှင်းလင်းတင် ...

ယင်းနောက် နိုင်ငံတော်အကြီးအကဲက ယ ...
တည်ဆောက်လျက်ရှိသော Cyclone Shelter ...
မတ်လထက် နောက်မကျစေဘဲ ခိုင်ခိုင်ခံ့ခံ့ဖြင့် ...
ရွက်ရန် မှာကြားသည်။

ဒမင်းဆိပ်ကဲ့သို့ အခြား တည်ဆောက်လျက်ရှိသော Cyclone Shelter များကိုလည်း လာမည့်မတ်လထက် နောက်မကျစေဘဲ ခိုင်ခိုင်ခံ့ခံ့ဖြင့်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့ ပြန်လည်ဖွံ့ဖြိုး တိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် စက်ဆန်း၊ ကြိမ်ချောင်း၊ ကဒုံကနိ၊ အမာစသည့် ကျေးရွာများ၏ ပြန်လည်တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဖွံ့ဖြိုးမှုအခြေအနေ၊ လယ်များဖောက်လုပ်ထားမှုနှင့် စပါးနှင့် အခြားသီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် ဒီရေတောများ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုကြပြီး ဖျာပုံမြို့နယ် ဒမင်းဆိပ်ကျေးရွာသို့ ရောက်ရှိကြသည်။

ဖွင့်လှစ်အသုံးချ

အရေးပေါ် သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက ခိုလှုံနိုင်ရန်အတွက် ရန်ကုန်တိုင်း လက်ခုပ်ကုန်းတွင် Cyclone Shelter တစ်လုံး၊ ဧရာဝတီတိုင်း ဖျာပုံခရိုင်၌ ရှစ်လုံး၊ ပုသိမ်၌ လေးလုံး၊ လပွတ္တာ၌ ခုနစ်လုံး စုစုပေါင်း Cyclone Shelter အလုံး၂၀ တည်ဆောက်လျက်ရှိသည်။ ယင်း Cyclone Shelter များမှာ အရေးပေါ်အခြေအနေ၌ ဒေသခံများအတွက် အသက်ကယ် ခိုလှုံရန်နေရာဖြစ်ပြီး သာမန်အချိန်တွင် စာသင်ကျောင်းကဲ့သို့ အကျိုးရှိသော ရပ်ရွာလူမှုရေးလုပ်ငန်းများကို ဖွင့်လှစ်အသုံးချရန်ဖြစ်သည်။

ဒမင်းဆိပ် Cyclone Shelter မှာ လူ ၅၀၀ဆံ့ နှစ်ထပ်အဆောက်အအုံ ဖြစ်ပြီး ရာခိုင်နှုန်းပြည့်နီးပါး တည်ဆောက်ပြီးဖြစ်သည်။

ဆောင်ရွက်နိုင်ရန်အတွက် လပွတ္တာမြို့နယ်ကဲ့သို့သော မြို့နယ်ကို ခရိုင်အဆင့်အဖြစ် မြှင့်တင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း စသည်ဖြင့် မှာကြားလမ်းညွှန်သည်။

ဆက်လက်အားပေး

ထို့အပြင် ဗိုလ်ချုပ်မှူးကြီးသည် ကျေးရွာတွင်းလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် ချောင်းကူးတံတားငယ်များ တည်ဆောက်နေမှုများကို ဆက်လက်အားပေး လုပ်ဆောင်သွားရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တည်ဆောက်လျက်ရှိသော တိုးချဲ့ခုတင်(၂၀၀)ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဦးစီးစီစဉ်ဖွင့်လှစ်သည့် အခြေခံအိမ်တွင်းမှုအထူးသင်တန်း အမှတ်စဉ်(၂)နှင့်

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဖျာပုံမြို့နယ် ဒမင်းဆိပ်ကျေးရွာ Cyclone Shelter အဆောက်အအုံတွင် ကနီကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဒမင်းဆိပ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိ ရပ်ဖများက ကြိုဆိုကြသည်။

ဒမင်းဆိပ်ကျေးရွာ

ယင်းနောက် ဒမင်းဆိပ်ကျေးရွာရှိ Cyclone Shelter အဆောက်အအုံ၌ ဗိုလ်ချုပ်မှူးကြီးအား ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က ဒမင်းဆိပ်ကျေးရွာ၏ တည်နေရာ၊ လူဦးရေနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ Cyclone Shelter တည်ဆောက်ရန် မြေနေရာရွေးချယ်ခဲ့မှုနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့ရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များ၌ Cyclone Shelter အလုံး၂၀ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ယုဇန ဆောက်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဒမင်းဆိပ်ကျေးရွာတွင် Cyclone Shelter တာဝန်ယူတည်ဆောက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲက ယခု ဒမင်းဆိပ်ကဲ့သို့ အခြား တည်ဆောက်လျက်ရှိသော Cyclone Shelter များကိုလည်း လာမည့် မတ်လထက် နောက်မကျစေဘဲ ခိုင်ခိုင်ခံ့ခံ့ဖြင့် ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများတည်ရှိမှု အခြေအနေနှင့် သက်ကယ်ကုန်းမြင့် တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ Cyclone Shelter အဆောက်အအုံတွင် ကနီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူလေးများ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် သမိန်ထော၊ ကုန်းတန်း၊ တင်ပုလွဲ၊ သိမ်ကုန်း၊ ကနီ၊ ဒမင်းဆိပ်စသည့် ပတ်ဝန်းကျင်ကျေးရွာများမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များအား ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့၏ ဖွံ့ဖြိုး တိုးတက်မှုအခြေအနေနှင့် ဖျာပုံတံတား အခြေအနေတို့ကို မော်တော်ယာဉ် များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် ဖျာပုံမြို့ တိုးချဲ့ခုတင်(၂၀၀)ဆေးရုံ တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဖျာပုံခရိုင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲ မြို့နယ်များအတွင်း မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းအခြေအနေနှင့် ကျေးရွာချင်းဆက်လမ်းများ အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက ဖျာပုံမြို့ တိုးချဲ့ခုတင်(၂၀၀)ဆေးရုံအဆောက်အအုံ ဆောက်လုပ်လျာထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ယူဝမ်းသာ

ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်မှူးကြီးက မှာကြားလမ်းညွှန်ရာ၌ ပြီးခဲ့သည့် မုန်တိုင်းဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော ဧရာဝတီတိုင်း ပြည်သူ များအား တစ်နိုင်ငံလုံးက အမျိုးသားရေးလုပ်ငန်းအဖြစ်ခံယူ၍ ဝိုင်းဝန်းကူညီ စောင့်ရှောက်ခဲ့ကြကြောင်း၊ နိုင်ငံတော်ကလည်း ယခုကဲ့သို့ စေတနာသဒ္ဓါတရား ဖြင့် ကူညီစောင့်ရှောက်မှုများအပေါ် ဂုဏ်ယူဝမ်းသာ မှတ်တမ်းပြုပါကြောင်း။

နောင်၌ နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက ကယ်ဆယ်ရေးနှင့် နေရာချထားရေးလုပ်ငန်းများကို အချိန်မီ ချက်ချင်း ဆောင်ရွက်နိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေး အပါအဝင် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးထားသကဲ့သို့ ပထမအဆင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်နင်းစွာ ကြပ်မတ်ကွပ်ကဲ စီမံ

လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်း အမှတ်စဉ်(၂)သို့ ရောက်ရှိပြီး အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၂)မှ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ သင်တန်းသူများ၏ လက်ရာ အဝတ်အထည်များ၊ သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာ သင်တန်း အမှတ်စဉ်(၂)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ပြန်လည်အသုံးချ

ယင်းနောက် နိုင်ငံတော်အကြီးအကဲက ဤဒေသအတွင်း၌ အိမ်တွင်းမှုလုပ်ငန်းသင်တန်း၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်းများကို လှည့်လည်ဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်မှာ ဒေသအတွင်း၌ လက်မှု လုပ်ငန်း အတတ်ပညာသည်များ ပေါ်ထွက်လာပြီး မိသားစုဝင်ငွေများ တိုးတက်ရရှိလာစေရေး၊ ထို့အပြင် ကိုယ့်အရပ် ကိုယ့်ဒေသ၌ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဒေသခံပညာသည်များဖြင့်ပင် လုပ်ကိုင်နိုင်ပြီး မြန်ဆန်သွက်လက်စွာ ဒေသဖွံ့ဖြိုးလာစေရေးတို့အတွက်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းမှရရှိသော ပညာများကို အမှန်တကယ် လက်တွေ့ပြန်လည်အသုံးချနိုင်အောင် ကြိုးစားကြစေလိုကြောင်းဖြင့် မှာကြားလမ်းညွှန်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဖျာပုံမြို့မှ ထွက်ခွာလာရာ ညနေ ၄နာရီ ၁၀မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လက်တွေ့ပြန်လည်အသုံးချနိုင်အောင် ကြိုးစား

ဤဒေသအတွင်း၌ အိမ်တွင်းမှုလုပ်ငန်းသင်တန်း၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်းများကို လှည့်လည်ဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်မှာ ဒေသအတွင်း၌ လက်မှုလုပ်ငန်း အတတ်ပညာသည်များ ပေါ်ထွက်လာပြီး မိသားစုဝင်ငွေများ တိုးတက်ရရှိလာစေရေး၊ ထို့အပြင် ကိုယ့်အရပ် ကိုယ့်ဒေသ၌ တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဒေသခံပညာသည်များ ဖြင့်ပင် လုပ်ကိုင်နိုင်ပြီး မြန်ဆန်သွက်လက်စွာ ဒေသ ဖွံ့ဖြိုးလာစေရေးတို့အတွက်ဖြစ်၊ ထို့ကြောင့် သင်တန်းမှ ရရှိသော ပညာများကို အမှန်တကယ် လက်တွေ့ပြန်လည် အသုံးချနိုင်အောင် ကြိုးစားကြ။

ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည့် ဤကမ္ဘာ

ဝင်းထွဋ်

ဤကမ္ဘာမြေပေါ်တွင် လူတို့ ကျန်းမာရွှင်လန်းစွာ အသက်ရှင်နေနိုင်ရေး၊ အခြားအကျိုးပြုသည့်သက်ရှိသတ္တဝါပိုးမွှားများ၊ သဘာဝပတ်ဝန်းကျင်သစ်ပင်ပန်းမန်တို့ ဖြစ်ထွန်းရှင်သန်နိုင်ရေးတို့အတွက် သင့်လျော်သည့်**မြေဆီလွှာ**၊ သန့်ရှင်းသည့် **ရေ၊ လေ**၊ နေရာဒေသအလျောက် သင့်တင့်လျောက်ပတ်သည့် **အပူအအေး**တို့သည် မရှိမဖြစ်သည့် သဘာဝပတ်ဝန်းကျင်ဖြစ်သည်။ သို့သော် ယနေ့သဘာဝပတ်ဝန်းကျင်သည် အကြောင်းအမျိုးမျိုးကြောင့် တစ်နေ့တခြား ညစ်ညမ်းလာပြီး လူတို့၏ အသက်ရှင်နေထိုင်မှုဘဝကို အန္တရာယ်ပြုလျက်ရှိသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ညစ်ညမ်းရသည့်အကြောင်းရင်းနှင့်အန္တရာယ်များ

စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်လူသားနှင့် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုနှင့်အခြားအန္တရာယ်များဖြစ်ပေါ်လာခြင်းမှာ အောက်ပါအချက်များကို အခြေခံသည်-

(က) စက်ပစ္စည်းကိရိယာ တီထွင်အသုံးပြုမှုအဆင့်အတန်းမြင့်မားလာသည်နှင့်အမျှ (Laser Printer, Bubble Jet Printer, Facimiles etc.)ကဲ့သို့သော ပစ္စည်းများမှ အိုဇုန်းလွှာပျက်စီးခြင်း။

(ခ) ထုတ်လုပ်မှုနည်းစဉ် အမျိုးမျိုးဖြစ်သည့် သတ္တုသန့်စင်ခြင်းနှင့် တစ်ဝက်လျှပ်ကူးပစ္စည်း (Semi-Conductor)များသန့်စင်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများ၊ အငွေ့ပြန်အော်ဂင်းနစ်ကွန်ပေါင်း (Volatile Organic Compound)များ၊ အော်ဂင်းနစ်ပျော်ရည် (Organic Solvents)များ၊ ကလိုရင်း (Chlorine)ပါဝင်သော ဒြပ်ပစ္စည်းများ အသုံးပြုမှုသည် ကမ္ဘာ့လေထုအား ညစ်ညမ်းမှုပြုခြင်း၊ လူသားများအား အန္တရာယ်ပေးနိုင်ခြင်း။

(ဂ) ဆက်သွယ်ရေးယာဉ်အမျိုးမျိုးမှ ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက် (CO_2) ဓာတ်ငွေ့များကြောင့် ဖန်လုံအိမ်အကျိုးသက်ရောက်မှု (Green House Effect)၊ လေထုညစ်ညမ်းမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုဖြစ်ပေါ်ကာ သဘာဝနှင့် လူသားများအား အန္တရာယ်ဖြစ်စေခြင်း၊ အလေးမထားအပ်ဟု ရှေးယခင်ကထင်ခဲ့သည့် ဆေးလိပ်သောက်သုံးမှုမှသည် အဏုမြူဗုံးများ စမ်းသပ်ဖောက်ခွဲမှုများကြောင့်ဖြစ်သော လေထုညစ်ညမ်းမှုများသည် ကြီးမားသော ပြဿနာဖြစ်ခြင်း။

(ဃ) ဓာတုဗေဒနှင့် အဆိပ်ပိုးမွှားလက်နက်များ အသုံးပြုခြင်း။

(င) လူနေမှုအဆင့်အတန်းတိုးတက်ပြီး စက်မှုနည်းပညာများ တိုးတက်လာသည်နှင့်အမျှ အသုံးမဝင်တော့သည့် စက်မှုစွန့်ပစ်ပစ္စည်းများ၊ အညစ်အကြေးများ၊ အခိုးအငွေ့များကို မြေပြင်တွင်သာမက ပင်လယ်နှင့်နီးသော နိုင်ငံများသည် ပင်လယ်အတွင်းသို့တိုက်ရိုက်စွန့်ပစ်ခြင်း၊ နိုင်ငံအတွင်းရှိ မြစ်ချောင်း အင်းအိုင်များအတွင်းသို့ စွန့်ပစ်ခြင်းဖြင့် ရေထုကိုညစ်ညမ်းစေခြင်း၊ ပင်လယ်ပြင်အတွင်း ရေနံတင်သင်္ဘောကြီးများနှင့် ကုန်တင်သင်္ဘောကြီးများ နစ်မြုပ်ခြင်းသည်လည်း ရေထုညစ်ညမ်းမှုကို ပို၍ဖြစ်စေခြင်း။

(စ) မြေထုအား ညစ်ညမ်းစေသော အကြောင်းအရာများတွင် ထုပ်ပိုးပစ္စည်းအဖြစ် အသုံးပြုသောကြွပ်ကြွပ်အိတ်အပါအဝင် ပလတ်စတစ်ပစ္စည်းအမျိုးမျိုးကဲ့သို့ ပတ်ဝန်းကျင်တွင် မပျက်စီးနိုင်သော စွန့်ပစ်ပစ္စည်းများ စုပုံနေခြင်း။

(ဆ) စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် သစ်ပင်များခုတ်ထွင်တောမီးရှို့သည့်အတွက် သစ်တောပြုန်းတီးမှုရှိခြင်းနှင့် ဆက်စပ်အန္တရာယ်ဖြစ်သည့် မြေဆီလွှာပြုန်းတီးခြင်းမှသည် သဲကန္တာရများဖြစ်ပေါ်စေခြင်း။

(ဇ) စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း သီးနှံဖျက်သည့် ရောဂါပိုးများ သေကျေပျက်စီးစေရန် ပိုးသတ်ဆေးများလွန်ကဲစွာ အသုံးပြုခြင်း၊ သီးနှံအထွက်ကောင်းစေရန် ဓာတ်မြေဩဇာများ လွန်ကဲစွာ အသုံးပြုခြင်းဖြင့် ပိုးမွှားများ သေကျေပျက်စီးပြီး သီးနှံအထွက်ကောင်းသော်လည်း မြေဆီလွှာပျက်စီးခြင်းမှသည် ပတ်ဝန်းကျင်ရှိ ရေခဲ၊ မြစ်ချောင်းနှင့် ပင်လယ်တို့တွင် ရေထုကိုညစ်ညမ်းစေခြင်း။

(ဈ) ကမ္ဘာ့လူသားတို့သည် **မြေ၊ရေ၊လေ**စသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လူတို့အတွက် အန္တရာယ်အမျိုးမျိုးကျရောက်စေသည်ကိုလက်ခံ၍ ကြိုတင်ကာကွယ်လျက်ရှိရာမှ **အသံဆူညံ**ခြင်းသည်လည်း ပတ်ဝန်းကျင်ကို ထိခိုက်စေသော မသေးငယ်သည့် အန္တရာယ်တစ်ပါးဖြစ်ကြောင်း သတိပြုလာမိခြင်း၊ ဆူညံမှုအန္တရာယ်သည် လူတို့၌ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ နား၊ နှာခေါင်းနှင့်လည်ချောင်းရောဂါများ ဖြစ်တတ်ခြင်း။

ကြိုတင်ကာကွယ်ရေး

စက်မှုစိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကြောင့် ပျက်စီးသွားနိုင်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းဖြင့် ကမ္ဘာ့လူသားတို့၏ အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် နည်းပညာဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး နည်းလမ်းများမှာ-

- ထုပ်ပိုးပစ္စည်းအဖြစ်သုံးသော ပလတ်စတစ်ပစ္စည်းအမျိုးမျိုးကို ပြန်လည်စုဆောင်းပြီး စဉ်ဆက်မပြတ် ပြန်လည်အသုံးပြုခြင်းနည်းစဉ်(Recycle)၊ ကြားညှပ်ပုံသွင်းခြင်းနည်းစဉ် (Sandwich Moulding) များဖြင့် စွန့်ပစ်ပစ္စည်းစုပုံမှုကို ကာကွယ်ခြင်းဖြင့် သယံဇာတပစ္စည်းများ မကုန်ခန်းစေခြင်း၊ မပျက်စီးနိုင်သော ပလတ်စတစ်ပစ္စည်းများအစား ကတ်ထူ စက္ကူများနှင့် သံမဏိကုန်သေတ္တာ (Steel Container)များ အသုံးပြုခြင်း။
- စက်ပစ္စည်း ကိရိယာများကြောင့် ဖြစ်ပေါ်စေသည့် လေထုညစ်ညမ်းမှုကို ထိရောက်စွာကာကွယ်နိုင်ရန် ပိုမိုတိုးတက်သည့် နည်းပညာများ တီထွင်ထားခြင်း။
- ထုတ်လုပ်မှုနည်းစဉ်များတွင် အသုံးပြုသည့် အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်ဆေးပစ္စည်းများအစား အခြားအန္တရာယ်မပြုသည့် ဓာတ်ဆေးပစ္စည်းနည်းစဉ်ကို အသုံးပြုခြင်း၊ ပျော့ဖတ်အရောင်ချွတ်ခြင်း (Pulp Bleaching) ပြုလုပ်ရာတွင် ကလိုရင်းအသုံးမပြုသည့် နည်းပညာ (Chlorine free Technology)ကိုသုံးခြင်း။
- စက်မှုလုပ်ငန်းအတွက် သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်သစ်ဖြင့်မထုတ်လုပ်သည့် ပျော့ဖတ် (Non Wood Pulp)စက္ကူများကို အသုံးပြု၍ နည်းလမ်းရှာဖွေခြင်း၊ ပြန်လည်ပြုပြင်ထားသည့် ပျော့ဖတ် (Recycle Pulp)၊ ပြန်လည်စိုက်ပျိုးရန် လွယ်ကူသည့် ချဉ်ပေါင်လျှော်စက္ကူ (Kenaf Paper) များ အသုံးပြုခြင်း (ချဉ်ပေါင်လျှော်ပင်သည် အစာချက်ရာတွင် အခြားအပင်များထက် လူသားတို့အတွက် အန္တရာယ်ပြုသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်နှစ်ဆခန့် စုပ်ယူပြီး အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှင့်ခြင်းကြောင့် လေထုညစ်ညမ်းမှုကို လျော့ပါးစေကြောင်း စမ်းသပ်တွေ့ရှိရသည်။)
- စိုက်ပျိုးရေးလုပ်ငန်းအတွက် သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်၊ ရွှေ့ပြောင်းတောင်ယာစနစ်မှ ကုန်းမြင့်လယ်ယာမြေစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲပြုပြင်သွားရန် လိုအပ်ခြင်း။
- ဓာတ်မြေဩဇာသုံးစွဲမှုလျှော့၍ သဘာဝဓာတ်မြေဩဇာကို တိုးချဲ့သုံးစွဲခြင်း၊ အီးအမ်(EM-Effective Micro Organism)ကဲ့သို့ သီးနှံအထွက်တိုးစေသည့် အကျိုးပြုအဏုဇီဝသက်ရှိများဖြစ်သော မှိုမျှင်၊ ဗက်တီးရီးယားနှင့် တဆေး(Yeast)တို့ ပါဝင်သည့် ဖျော်ရည်ကို အသုံးပြု၍ လယ်ယာထွက် စွန့်ပစ်ပစ္စည်းများ၊ တင်လဲရည်၊ တိရစ္ဆာန်ချေးများနှင့် ရေတို့ စနစ်တကျရောနှောပြီး မွေးမြူခြင်းဖြင့် တစ်ပတ်၊ နှစ်ပတ်ခန့်အတွင်း သာမန်မြေဆွေးထက် လျင်မြန်စွာဆွေးမြည့်စေသည့် သဘာဝဓာတ်မြေဩဇာ ထုတ်လုပ်သကဲ့သို့ နည်းပညာများ ပြန့်ပွားစေခြင်း။
- စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရန် ကာကွယ်သည့်အနေဖြင့် ပြည်သူလူထုအား ပညာပေးလှုံ့ဆော်ခြင်း၊ ဥပဒေများထုတ်ပြန်ခြင်း၊ စစ်ဆေးခြင်းတို့ဖြစ်သည်။

ရရှိလာသည့်အကျိုးရလဒ်များ

ပတ်ဝန်းကျင်ဆိုင်ရာ အရေးယူဆောင်ရွက်မှုကြောင့် ရရှိလာသည့်အကျိုးရလဒ်များမှာ ကမ္ဘာ့မြေ၊ ရေ၊ လေထုအပူချိန်မြင့်မားခြင်းအား ကာကွယ်ခြင်း၊ အိုဇုန်းလွှာအားကာကွယ်ခြင်း၊ ပြန်လည်ရှင်သန်နိုင်သော သဘာဝအရင်းအမြစ်အား စုဆောင်းခြင်း၊ အသုံးပြုပြီးသောပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်း၊ ဂေဟဗေဒတံဆိပ် (EcologyMark) (Eco-Mark)အမှတ်အသားပါဝင်သော ကုန်ထုတ်အရေအတွက် တိုးလာခြင်း၊ ပြန်လည်ရှင်သန်နိုင်သော အရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချခြင်း၊ ပတ်ဝန်းကျင်အား ဘေးအန္တရာယ်လျော့နည်းစေခြင်း၊ ဓာတုဗေဒပစ္စည်းများ သုံးစွဲမှုလျော့နည်းလာခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အသိပညာကြွယ်ဝခြင်း စသည်တို့ဖြစ်သည်။ ထို့အပြင် သက်သာလျော့နည်းစေသော အကြောင်းအရာများမှာ-

- **သယံဇာတအရင်းအမြစ်များ သက်သာစေခြင်း။** အလေအလွင့်များ ပြန်လည်သုံးစွဲရန် ကြိုးပမ်းမှုများ ဆောင်ရွက်ခြင်းဖြင့် သက်သာစေခြင်း၊ ကြွေမြေကဲ့သို့သော ပစ္စည်းများတွင် ပါး၍ခိုင်ခံ့သော (High Strength)ပစ္စည်းများ တီထွင်သုံးစွဲခြင်းဖြင့် ကုန်ကြမ်းပစ္စည်း သုံးစွဲမှု ၂၀ရာခိုင်နှုန်းလျော့ကျသက်သာခြင်း၊ သယံဇာတအရင်းအမြစ် ထိန်းသိမ်းခြင်းနှင့် ထပ်ပြန်တလဲလဲအသုံးပြုခြင်း၊ ထပ်ပြန်တလဲလဲ အသုံးပြုနိုင်သော နည်းစဉ်ဖော်ထုတ်ခြင်း၊ တည်ဆောက်ခြင်းနှင့် ဤနည်းကိုသုံး၍ ကုန်ချောပစ္စည်းများကို အများအပြား ထုတ်လုပ်ခြင်းစသည်တို့ လုပ်ဆောင်ခြင်းကြောင့် သက်သာစေခြင်း၊ ထို့အပြင် သစ်တောများပြုန်းတီးမှု လျော့နည်းစေရန်အတွက် (Recycle Paper) အသုံးပြုခြင်းဖြင့် သက်သာစေခြင်းတို့ဖြစ်သည်။
- **စွမ်းအင်သက်သာစေခြင်း။** ပတ်ဝန်းကျင်ထိခိုက်နစ်နာမှုနည်းသော ထုတ်လုပ်မှုနည်းစနစ်များ ဖော်ထုတ်ရန် ကြိုးပမ်းခြင်း၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ ဓာတ်ဆီအသုံးပြုမှုများ အတတ်နိုင်ဆုံး လျှော့ချ၍ ကာဗွန်ဒိုင်အောက်ဆိုက်(CO_2)ထွက်မှု လျှော့နည်းစေခြင်းနှင့် စွမ်းအင် သက်သာစေမည့် မီးဖိုများ၊ နေစွမ်းအင်(Solar Energy)၊ ရေနှင့် လေစွမ်းအင်ကို အကျိုးရှိစွာ အသုံးပြုခြင်းဖြင့် သက်သာစေသည်။
- **ရေအသုံးပြုမှု သက်သာစေခြင်း။** ရေအရင်းအမြစ် အသုံးပြုမှု သက်သာစေသည့် နည်းပညာ (Water Saving Technology) ရှာဖွေ ဖော်ထုတ်ခြင်းနှင့် ရေသုံးသက်သာစေသည့် ရေအိမ် (Water Saving Toilet) ကဲ့သို့ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် သက်သာစေသည်။
- **ရာသီဥတုဖောက်ပြန်မှုလျော့နည်းလာခြင်း။** ။ အိုဇုန်းလွှာ ကာကွယ်ခြင်းကြောင့် ကမ္ဘာကြီးပူနွေးမှုကင်းဝေးခြင်း၊ ရေခဲတောင်များ အရည်ပျော်ဝင်မှုနည်းပါးခြင်း၊ ပင်လယ်ရေပြင် မြင့်တက်၍ ရေလွှမ်းမိုးမှုမှ ကာကွယ်ခြင်းသည် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေသည်။
- **သဲကန္တာရနှင့် တောင်ကတုံးများ လျော့နည်းလာခြင်း။** ။ သစ်တောပြုန်းတီးမှုမရှိအောင် ကာကွယ်ခြင်း၊ တိုးချဲ့အစားထိုးစိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲခြင်း၊ သဘာဝမြေဩဇာများကို စမ်းသပ်တီထွင်၍ အများအပြားသုံးစွဲခြင်းနှင့် ခြောက်သွေ့ဒေသများတွင် ဆည်များတည်ဆောက်ခြင်း၊ ရေတွင်းရေကန်များ တူးဖော်ခြင်းနှင့် ရေကို အကျိုးရှိအောင်သုံးစွဲခြင်းဖြင့် စိမ်းလန်းစိုပြည်သည့် ဒေသများ တိုးပွားကာ သဲကန္တာရနှင့် တောင်ကတုံးများ လျော့နည်းလာစေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျဆောင်ရွက်နိုင်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို ၁၉၉၀ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာအသီးသီးတို့၌ အသိအမြင်တိုးတက်ပြန့်ပွားနိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပတ်ဝန်းကျင်ညစ်ညမ်းရသည့် အကြောင်းရင်းနှင့် အန္တရာယ်များတွင် စွန့်ပစ်ပစ္စည်းများကြောင့်လည်း ပါဝင် ပတ်သက်လျက်ရှိရာ လူဦးရေသိပ်သည်းမှုများသည့် ရန်ကုန်မြို့၏ မြို့ဝင်၊ မြို့ထွက်နေရာများ၌ စွန့်ပစ်ထားသော ပလတ်စတစ် ကြွပ်ကြွပ်အိတ်များကြောင့် အပေါ်ယံမြေဆီလွှာများပျက်စီး၍ သစ်ပင်ပေါက်ရန် ခဲယဉ်းခြင်း၊ မြစ်ချောင်းအင်းအိုင်လည်း ညစ်ညမ်းသည့်အတွက် ငါးများ သေကျေပျက်စီးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ ဖျောက်ဖျက်လို၍ မီးရှို့မည်ဆိုပါကလည်း အဆိပ်ငွေ့များထွက်၍ လေထုအားညစ်ညမ်းစေပြန်သည်။ ထို့အပြင် ပလတ်စတစ်အိတ်များတွင် ထည့်သည့် အစားအသောက်များကဲ့သို့ ပလတ်စတစ်ကြွပ်ကြွပ်အိတ်များမှ ဓာတု အဆိပ်အတောက်များ စိမ့်ဝင်မှုကြောင့် စားသုံးမိသော လူသားတို့အတွက် ကင်ဆာကဲ့သို့သော ရောဂါများ အနေးနှင့်အမြန် ရရှိစေနိုင်ပါသည်။ လက်ငင်းချက်ချင်းတွေ့ရသည်မှာ ရန်ကုန်မြို့တွင်း မိုးကြီးရွာသွန်းသည့် နေ့ရက်အချိန်များတွင် ရေဝင်ထွက်ပေါက်များ၌ ပလတ်စတစ် ကြွပ်ကြွပ်အိတ်များကြောင့် ပိတ်ဆို့မှုများဖြစ်ကာ မော်တော်ကားလမ်းများ ရေလျှံ၍ ယာဉ်ကြောပိတ်ဆို့မှုများနှင့် လမ်းပျက်စီးမှုများ ဖြစ်ပွားတတ်ခြင်းပင်ဖြစ်သည်။

မကြာသောကာလအတွင်း စက်မှုဇုန်များဖြင့် ဝန်းရံလျက်ရှိသော ရန်ကုန်တိုင်းတွင် ကြွပ်ကြွပ်အိတ်မသုံးရ နယ်မြေအဖြစ် သတ်မှတ်နိုင်ရန်အတွက် အခြေအနေအရပ်ရပ်အပေါ် မူတည်သုံးသပ်၍ ပထမအဆင့်အနေဖြင့် ကြွပ်ကြွပ်အိတ်ထုတ်လုပ်သည့် စက်ရုံများတွင် ၂၀၀၉ခုနှစ် နိုဝင်ဘာ ၃၀ရက်မှစ၍ ကြွပ်ကြွပ်အိတ်များအစား အခြားသင့်တော်သည့် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်ရန်၊ ဒုတိယအဆင့်အနေဖြင့် သင့်တော်သည့်အချိန်တွင် ကြွပ်ကြွပ်အိတ်များ ဆိုင်များတွင်ရောင်းဝယ် ဖောက်ကားခြင်း မပြုရန်နှင့် တတိယအဆင့်တွင်မူ စားသုံးသူပြည်သူလူထုအားလုံး ကြွပ်ကြွပ်အိတ်များအစား အခြားပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေသည့် ထုပ်ပိုးပစ္စည်းများ အသုံးပြုရန် စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပလတ်စတစ်အိတ်များတွင် ထည့်သည့် အစားအသောက်များကဲ့သို့ ပလတ်စတစ်ကြွပ်ကြွပ်အိတ်များမှ ဓာတုအဆိပ်အတောက်များ စိမ့်ဝင်မှုကြောင့် စားသုံးမိသော လူသားတို့အတွက် ကင်ဆာကဲ့သို့သောရောဂါများ အနေးနှင့်အမြန် ရရှိစေနိုင်။

ရန်ကုန်မြို့တွင်း မိုးကြီးရွာသွန်းသည့် နေ့ရက် အချိန်များတွင် ရေဝင်ထွက်ပေါက်များ၌ ပလတ်စတစ်ကြွပ်ကြွပ်အိတ်များကြောင့် ပိတ်ဆို့မှုများဖြစ်ကာ မော်တော်ကားလမ်းများရေလျှံ၍ ယာဉ်ကြောပိတ်ဆို့မှုများနှင့် လမ်းပျက်စီးမှုများဖြစ်ပွားတတ်။

ဒသမအကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ

(၇-၁၁-၂၀၀၉) - (၈-၁၁-၂၀၀၉)

နေပြည်တော်။

ရွှေပေါ်စက်များ ကိုင်တွယ်မောင်းနှင်ခြင်း သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂

ရွှေပေါ်စက်များ ကိုင်တွယ်မောင်းနှင်ခြင်း သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း သစ်အခြေခံ နည်းပညာသင်တန်းဌာန၌ ကျင်းပရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်းက အမှာစကား ပြောကြားသည်။ (ဓါတ်ပုံ)

တက်ရောက်

အဆိုပါ ဖွင့်ပွဲသို့ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း နှင့် အထွေထွေ မန်နေဂျာများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းမှ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ သင်တန်းကျောင်းကြီးကြပ်ရေး ကော်မတီဝင်များ၊ အသင်းဝင် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အလက(၁)ရန်ကင်း ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂

စံပြလေ့ကျင့်ရေး အလယ်တန်းကျောင်း အလက(၁) ရန်ကင်းတွင် ၁၉၅၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် စုပေါင်းအာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၁ရက် (အမျိုးသားနေ့)တွင် မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများ အနေဖြင့် ဆရာမ ဒေါ်ခင်စန်းမြင့် ဖုန်း-၅၅၅၁၈၀၊ လိုင်းခွဲ-၂၆၁၊ ကျောင်းဖုန်း-၅၆၁၅၆၅၊ ကိုပြည့်ဖြိုးဝေ ဖုန်း-၅၅၉၀၀၉၊ ၀၉-၅၁-၆၉၆၉၁၊ ကိုမောင်မောင်ဝေ ဖုန်း-၂၄၅၇၈၄၊ ၀၉-၅၁-၀၆၈၄၀၊ ကိုမောင်မောင်မြင့်(ခ) ကိုဖိုးချို ဖုန်း-၀၉-၅၁-၀၉၆၈၆၊ ကိုမြတ်နိုးအောင် ဖုန်း-၀၉-၅၀-၀၂၅၉၈၊ ကိုကျော်ကျော်လွင် ဖုန်း-၀၉-၅၁-၆၉၅၇၅၊ ကိုမိုးကျော်အောင် ဖုန်း-၀၉-၅၁-၉၆၅၈၁၊ ကိုဇော်မိုးဝေ ဖုန်း-၀၉-၅၁-၀၉၁၆၉၊ ကိုတိုးဝင်းမြင့် ဖုန်း-၀၉-၅၀-၀၅၅၃၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကျောင်းတည်ရှိရာနေရာတွင်လည်း နေ့စဉ်ကျောင်းချိန်အတွင်း နိုဝင်ဘာ ၇ရက် မွန်းလွဲ ၂နာရီမှ ညနေ၅နာရီအတွင်းနှင့် အာစရိယပူဇော်ပွဲ ကျင်းပမည့်နေ့ရက်တွင်လည်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မြန်မာကျောင်းသားလူငယ် လက်ရွေးစင်အသင်း ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် အင်ဒိုနီးရှားသို့ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် နိုဝင်ဘာ ၃ရက်မှ ၈ရက်အထိ ကျင်းပမည့် Asean Primary School Sport Olympic 2009 ယူ-၁၃ ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ယူ-၁၃ မြန်မာကျောင်းသားလူငယ်လက်ရွေးစင်အသင်းသည် ယနေ့ ညနေ ၃နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။**(အပေါ်ပုံ)**

လိုက်ပါသွား

အဆိုပါ ယူ-၁၃ အသင်းတွင် အုပ်ချုပ်သူ ဦးလှထွန်း(လက်ထောက်ညွှန်ကြားရေးမှူး အမှတ်-၁၊အခြေခံပညာဦးစီးဌာန)၊ နည်းပြ-ဦးဘုန်းနိုင်(သစ်တောရေးရာဝန်ကြီးဌာန)၊ ကစားသမားများအဖြစ် စစ်မင်း (အလက-၄၊ ဒဂုံတောင်)၊ စိုးခန့်ဦး(အထက-၁၊ ရေး)၊ ချစ်ဝင်းအောင် (အလက-၃၊လှိုင်သာယာ)၊ အောင်မြင့်မြတ် (အား/ကာသိပ္ပံ-ရန်ကုန်)၊ ဝေလင်းထွန်း (အမကလွန်-ပျော်ဘွယ်လေး)၊ ကျော်ကိုကိုဟိန်း(အား/ကာသိပ္ပံ-ရန်ကုန်)၊ စည်သူလွင်(အထကခွဲ-တော်ကူး)၊ ထွန်းလင်းအောင်(အလက-၃၊ လှိုင်သာယာ)၊ ကျော်ဇင်ထွန်း(အား/ကာသိပ္ပံ-ရန်ကုန်)၊ ကောင်းမွန်ထက်(အထက-၂၊ ပုသိမ်)တို့ လိုက်ပါသွားကြသည်။ **(မြန်မာ့အလင်း)**

အထက်ပိုင်းဒေသများ၌ ညအပူချိန်လျော့နည်းနိုင်

ရန်ကုန် နိုဝင်ဘာ ၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ဧရာဝတီတိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ။ ရှမ်းပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပုသိမ်မြို့နှင့်ညောင်တုန်းမြို့တို့တွင် ၀ ဒသမ ၂၄ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ၁၂နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း (မီရီနေ)သည် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

နိုဝင်ဘာ ၃ရက် ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များလျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၁၁-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဆုတောင်းပြည့်ဂါထာ** တရားတော် (မင်းကွန်း ဓမ္မစေတီ ဆရာတော် အရှင်နာဂိန္ဒာလင်္ကာရ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၉)
၈:၃၀	Sports World
၈:၅၅	Activities in the City (TMW Enterprise Ltd. ၏ ဆုချီးမြှင့်ပွဲ အခမ်းအနား)
၉:၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ဟက်ပီးဘတ်ဒေးရိုက်ကွင်း အမှတ်တရ)
၉:၂၅	Sunday Talk အတ္တကျော်၊ မျိုးမြတ်သူ
၁၀:၃၅	မုဒိတာပွား အလင်းစွမ်းအား ပြုံးပန်းလှိုင်ဝေ စကားဝါမြေ (အပိုင်း-၂)
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၂၅	Cartoon Show Time (Sherk Tale)
၁၂:၀၅	ဒွါရာဝတီ၏ အနုပညာ… ဝါးရက်ကန်းလက်ရာ
၁၂:၂၀	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ပဲလျော်
၁၂:၃၅	မှတ်မှတ်ရရ အနုပညာ ညလေးတစ်ည
၁:၀၀	ဆုတောင်းပြည့်ဂါထာ တရားတော် (မင်းကွန်းဓမ္မစေတီ ဆရာတော် အရှင်နာဂိန္ဒာလင်္ကာရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival [Yuzana Bridal Show(2)]
၃:၃၅	ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ
၃:၄၅	ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် (ဒေါက်တာ အေးကျော် ဗီဝကမ္မဗေဒ)
၄:၁၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ဟက်ပီးဘတ်ဒေး ရိုက်ကွင်း အမှတ်တရ)
၄:၄၀	Activities in the City (TMW Enterprise Ltd. ၏ ဆုချီးမြှင့်ပွဲ အခမ်းအနား)
၄:၅၀	World of Knowledge (Mega Structures;Dubai's Palm Island)
၅:၄၀	ဘီသိက်သွန်းစုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာအခမ်းအနား ဆင်ယင်ကျင်းပပုံ
၆:၀၀	MRTV-4 သတင်း
၆:၂၀	သင်ကြားရေးလမ်းညွှန် (GESC တရုတ်စာ သင်တန်းကျောင်း)
၆:၄၀	Cartoon Show Time (Sherk Tale)
၇:၁၅	Fashion Music Festival [Yuzana Bridal Show(2)]
၈:၀၀	MRTV-4 သတင်း
၈:၃၀	Clebrity Style (ချောရတနာနှင့်တွေ့ဆုံခြင်း)
၉:၀၀	Zaw Win Htut Emperor 25th Anniversary Live Show (part-1)
၁၀:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၉)
၁၀:၃၀	ကဏ္ဍစုံလင် အားကစား အစီအစဉ်
၁၁:၄၅	မှတ်မှတ်ရရ အနုပညာ ညလေးတစ်ည
၁၂:၀၅	မုဒိတာပွား အလင်းစွမ်းအား **ပြုံးပန်းလှိုင်ဝေစကားဝါမြေ** (အပိုင်း-၂)
၁၂:၃၀	**ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး** ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ (ဒါရိုက်တာ- အကယ်ဒမီဆွေဇင်ထိုက်)
၁၂:၄၀	ဘိုင်းဒါးတံတား
၁၂:၅၀	သင်ကြားရေးလမ်းညွှန် (GESC တရုတ်စာ သင်တန်းကျောင်း)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း နောက်ဆုံးရအားကစားသတင်းများ

မန်ယူနှင့်စီအက်စ်ကေအေပွဲစဉ်၌ ရွှန်နေ၊ ဖာဒီနန်နှင့် ဗီဒစ်တို့ ပါဝင်နိုင်ဖွယ်မရှိ

နိုဝင်ဘာ ၄ ရက်(နံနက် ၂း၁၅)နာရီတွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၄)အဖြစ် မန်ယူနှင့် စီအက်စ်ကေအေမော်စကိုတို့ပွဲစဉ်၌ ဇနီးသည် မွေးဖွားမှုကြောင့် ရွှန်နေ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း၊ ထို့အတူ နောက်ခံလူ ဖာဒီနန်နှင့် ဗီဒစ်တို့လည်း ခြေချင်းဝတ်ဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း မန်ယူကလပ်က နိုဝင်ဘာ ၂ ရက်၌ သတင်းထုတ်ပြန်သည်။

စတုတ်နှင့်ပွဲ၌ ရလဒ်မကောင်းပါက ဟူးလ်စီးတီးနည်းပြဖီးလ်ဘရောင်း အနာဂတ်မရေရာ

ဟူးလ်စီးတီးအသင်းသည် လာမည့်ပရီမီယာလိဂ်ပွဲစဉ်၌ စတုတ်နှင့်ကစားရမည်ဖြစ်ရာ ရလဒ်မကောင်းပါက နည်းပြဖီးလ်ဘရောင်း၏ အနာဂတ်မှာမရေရာကြောင်း ဟူးလ်စီးတီးဥက္ကဋ္ဌသစ် အဒမ်ပီရာဆင်က နိုဝင်ဘာ ၂ ရက်၌ ထုတ်ဖော်ပြောကြားသည်။

ဘင်နီတက်ဇ် အနာဂတ်ဆုံးဖြတ်မည်

နိုဝင်ဘာ ၅ ရက်တွင် ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းသည် လိုင်ယွန်နှင့် ကစားရမည်ဖြစ်ရာ ရလဒ်မကောင်းပါက မိမိအနာဂတ်ကို ဆုံးဖြတ်ရတော့မည်ဖြစ်ကြောင်း နည်းပြဘင်နီတက်ဇ်က ဖူလ်ဟမ်ကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သည့် ခံစားမှုဖြင့် နိုဝင်ဘာ ၂ရက်က ပြောကြားသည်။

နယူးယောက် မာရသွန်ပြိုင်ပွဲ ဗြိတိသျှအပြေးမယ် စတုတ္ထသာချိတ်နိုင်

မီတာ ၁၀၀၀၀ ကမ္ဘာ့စံချိန်ရှင် ဗြိတိသျှအပြေးမယ် ရာဒီလီဖီသည် နိုဝင်ဘာ ၂ရက်က ကျင်းပသည့် နယူးယောက်မာရသွန်ပြိုင်ပွဲ၌ ခြေထောက်ဒဏ်ရာရရှိမှုကြောင့် စတုတ္ထအဆင့်သာရရှိခဲ့ကြောင်း ဗြိတိသျှမီဒီယာများက သတင်းထုတ်ပြန်သည်။

ရှော်ကေးဂိုးသမားနူရာအား မန်ယူခေါ်ယူမည်

ရှော်ကေးအသင်းဂိုးသမား မင်နူရယ်နူရာအား ရာသီကုန်၌ ဖန်ဒါဆား မန်ယူမှ ထွက်ခွာလျှင် အစားထိုးခေါ်ယူမည်ဖြစ်ကြောင်း ဖာဂူဆန်က နိုဝင်ဘာ ၂ရက်က ထုတ်ဖော်ပြောကြားသည်။

ဒေးဗစ်ဗီလာ မန်ယူသို့ ပြောင်းရွှေ့ကစားလို

ချယ်လ်ဆီးက ပေါင် ၃၃သန်းပေး၍ ခေါ်ယူနေသော ဗလင်စီယာ တိုက်စစ်မှူး ဒေးဗစ်ဗီလာက ပရီမီယာလိဂ်သို့ ပြောင်းကစားပါက မန်ယူသို့သာ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂ရက်က ထုတ်ဖော်ပြောကြားသည်။

အဒီဘာယောနှင့် ဗန်ပါစီတို့ ကားလင်းဖလားကွာတားဖိုင်နယ်၌ ထိပ်တိုက်တွေ့ပြီ

ကားလင်းဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အာဆင်နယ်နှင့်မန်စီးတီးတို့ပွဲတွင် အဒီဘာယောနှင့် မိမိတို့မည်သူခြေစွမ်းထက်သည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း ဗန်ပါစီက နိုဝင်ဘာ ၂ရက်က ပြောကြားသည်။

လီဗာပူး၌ ကစားသမား ၁၂ ဦးဒဏ်ရာရနေ

လီဗာပူးသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် လိုင်ယွန်အသင်းနှင့် ယှဉ်ပြိုင်ရမည့်ပွဲ၌ ဂျရတ်အပါအဝင်ကစားသမား ၁၂ဦး ဒဏ်ရာရရှိနေကြောင်း လီဗာပူးအသင်းက နိုဝင်ဘာ ၂ရက်က သတင်းထုတ်ပြန်သည်။ ။

မောင်မောင်မြင့်ဆွေ စုစည်းရေးသားသည်

ကိုးကား-အင်တာနက်

သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ

အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂

မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် ဒုတိယအကြိမ် သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံအားကစား ကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးက အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် Southern Myanmar FC ဘောလုံးအသင်းနှင့် Yangon United FC ဘောလုံးအသင်းတို့က ငွေကျပ်ငါးသိန်းစီ၊ ကမ္ဘောဇ FCဘောလုံးအသင်း၊ အင်အားမီဒီယာဂရု(ပ်)နှင့် Gold Media Group တို့က ငွေကျပ်တစ်သိန်းစီ၊ Forever အားကစားဂျာနယ်၊ Eleven Media Group နှင့် ဦးစိုးမိုး(IBC)တို့က ငွေကျပ် ငါးသောင်းစီ၊ ကန်တော့ခံပုဂ္ဂိုလ် ဦးစိုးဝင်း(တက္ကသိုလ်စိုးဝင်း)က ငွေကျပ်သုံးသောင်းနှင့် Premier Coffee Co.,Ltd. နှင့် စွယ်စုံမီဒီယာဂရု တို့က ငွေကျပ် တစ်သိန်းငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကန်တော့

ဆက်လက်၍ ဝန်ကြီးနှင့် အားကစားကလောင်ရှင်များက သက်ကြီးဝါရင့် အားကစားကလောင်ရှင်များအား ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ဝန်ကြီးက သက်ကြီးဝါရင့် အားကစားကလောင်ရှင်များအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ဂုဏ်ပြုကန်တော့ငွေကျပ်တစ်ဆယ့်ငါးသိန်းကို ပေးအပ်ဂုဏ်ပြုကန်တော့သည်။

ယင်းနောက် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုကန်တော့ ငွေနှင့် ကန်တော့ခံပစ္စည်းများကို သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများအား ပေးအပ်ရာ ကန်တော့ခံဆရာကြီး ဦးကြည်ညွှန့်(စစ်ကိုင်းကြည်ညွှန့်)က ဆုတောင်းစကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်ကော်မြို့ ဒေါနီးကူးရပ်ကွက် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အောက်တိုဘာ ၂၈ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော မြို့နယ်ပညာရေးမှူးများ (အငြိမ်းစားနှင့် ပြောင်းရွှေ့)အား ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗဟန်း၌ ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ အောက်တိုဘာ ၂၈ရက်မှ ၃၀ရက်အထိ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီးသို့ တက်ရောက်ခဲ့သည်။

(၁၅)ကြိမ်မြောက် အာဆီယံနိုင်ငံ့ ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ရက် နံနက် ၈နာရီခွဲက ဗီယင်ကျန်းမြို့၏ Donchan Palace ဟိုတယ်၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Somsavat LENGSAVAD က အဖွင့်မိန့်ခွန်း ပြောကြားသည်။

အစည်းအဝေးကို အောက်တိုဘာ၂၈ရက်မှ ၃၀ရက်အထိ ကျင်းပခဲ့ပြီး နိုင်ငံအလိုက်တင်သွင်းသည့် စာတမ်းများ၊ နည်းပညာစာတမ်းများနှင့် အာဆီယံလူ့စွမ်းအား ဗဟိုဌာနများ၏ ဖြစ်ပေါ်တိုးတက်မှုများကို ညှိနှိုင်းဆွေးနွေးကြသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူသည် အာဆီယံနိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းခေါင်းဆောင်များနှင့် တွေ့ဆုံကာ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြုမြေပုံ ၂၀၀၉-၂၀၁၅ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီး၏ လုပ်ငန်းစီမံကိန်း ၂၀၀၈-၂၀၁၂လုပ်ငန်းလည်ပတ်မှုနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ပြီး အာဆီယံ+၃နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့်လည်း ရင်းနှီးစွာတွေ့ဆုံဆွေးနွေးခဲ့သည်။

ပြန်လည်ရောက်ရှိ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူသည် ကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဒေါ်သက်သက်ကျော်၊ ဦးမျိုးလွင်တို့နှင့်အတူ အောက်တိုဘာ ၃၁ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။ **(သတင်းစဉ်)**

ဆီဗီလာ၊ အာဆင်နယ်နဲ့ ဖီအိုရင်တီးနားတို့ နောက်တစ်ဆင့်ရောက်ဖို့ ဒီပွဲတွေမှာ အနိုင်ရအောင် ကြိုးစားကြရဦးမယ်

ချန်ပီယံလိဂ်ပွဲကြိုသုံးသပ်ရေးသားသူ - ထွန်းထွန်းဦး(လှိုင်) စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂

၅-၁၁-၂၀၀၉ ရက် နံနက် ၂း၁၅ နာရီ

ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်(၄) ဒုတိယနေ့

ပထမနေ့ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်(၄)မှာ အသင်းတချို့ အခြေအနေကောင်းနိုင်ပေမယ့် တချို့အသင်းတွေတော့ အခြေအနေ ဆိုးသွားနိုင်တယ်။ ဒါကြောင့် ဒုတိယနေ့မှာ ဘယ်အသင်းတွေဟာ ပြိုင်ဘက်တွေကြားမှာ ခေါင်းမော့ ရင်ကော့ပြီး လက်မထောင်ဝင့်ကြွားနိုင်မယ်၊ ဘယ်အသင်းတွေကတော့ ပွဲကြိုစကားတွေနဲ့ လက်တွေ့မှာ ဆန့်ကျင်ဘက်တွေဆီ ရောက်သွားကြမယ်ဆိုတာကို စိတ်ဝင်စားစွာနဲ့ စောင့်ကြည့်ရမှာပါ။

အုပ်စု (င)
လိုင်ယွန်-လီဗာပူး

လီဗာပူးက အိမ်ကွင်းမှာ လိုင်ယွန်ကို အရေးနိမ့်ထားလို့ ဒီတစ်ခါမှာ လူစုံသုံးပြီး လိုင်ယွန်မြေမှာ အသာစီးနဲ့ ကစားနိုင်

တောရက်စ်

လျင်မြန်မှုနှင့်အတူ ဂိုးသွင်းထက်မြက်သော လီဗာပူး တိုက်စစ်မှူး တောရက်စ်။

အောင် ပြန်ရုန်းမှာ ဖြစ်နေပါတယ်။ လိုင်ယွန်ဟာ ဒီပွဲမှာ အခြေအနေကောင်းအောင် ကစားမယ်ဆိုရင် နောက်တစ်ဆင့်ကို နောက်လှည့်မကြည့်ဘဲ သွားရောက်ခွင့်ရမှာဖြစ်နေတော့ လီဗာပူးရဲ့ ဖိအားပေးမှုတွေကိုတောင့်ခံထားပြီး ကျော်လွှားမှာပဲဖြစ်နေတယ်။ လီဗာပူးဟာ တောက်လျှောက်ပွဲကျပ်တွေ ပွဲဆက်ကစားထားရလို့လည်း ပွဲပန်းနိုင်တာရှိနေသေးတယ်။ လက်ရှိမှာ လီဗာပူးရဲ့ ကစားအားဟာ လုံးဝမလွယ်ပါဘူး။ ဒါကြောင့် အိမ်ကွင်းမာတဲ့ လီယွန်ဘက်ကအလေးသာပါတယ်။

ဖီအိုရင်တီးနား-ဒီဘရီစီနီ

ပထမအကျော့မှာ နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ကြလို့ တစ်ဖက်နဲ့တစ်ဖက် ဂိုးတွေ အပြန်အလှန်သွင်းပြီး နောက်ဆုံးမှာ ၄-၃ နဲ့ ဖီအိုရင်တီးနားက အနိုင်ရခဲ့ပါတယ်။ အခုပွဲမှာလည်း အိမ်ရှင်ဖြစ်တာက ဖီအိုရင်တီးနားပဲ ဖြစ်နေတော့ ဒီဘရီစီနီအတွက် ပထမအကျော့ကထက် ပိုပြီးကစားရတာခက်သွားပါပြီ။ ဒါကြောင့်လည်း အိမ်ရှင်အရိပ်အောက်ကနေ ရုန်းထွက်ဖို့ဟာ ဒီဘရီစီနီအဖို့ လုံးဝမဖြစ်နိုင်တာကြောင့် အိမ်ရှင် ဖီအိုရင်တီးနားပဲ သုံးမှတ်ရဖို့ ရှိပါတယ်။

အုပ်စု (စ)
ရူဘင်ကာဇန်-ဘာစီလိုနာ

ဒီတစ်ခါတော့ ရူဘင်ကာဇန်ဟာ အိမ်ရှင်ဖြစ်သွားပါပြီ။ ပထမအကျော့မှာ ၂-၁ နဲ့ အနိုင်ရထားတော့ စိတ်ဓာတ်ပိုင်းမှာ အားတက်နေတဲ့ ရုရှားကလပ်ဟာ ပထမပွဲကလိုပဲ သွက်သွက်လက်လက်နဲ့ ဘာစီလိုနာကို ဖိအားပေးဖို့လုပ်မှာပါ။ ဘာစီလိုနာ

မက်ဆီ

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် ရေပန်းစားနေသော ဘာစီလိုနာမှ မက်ဆီ၏ ထိုးဖောက်မှု။

ကလည်း အုပ်စုတွင်းကနေ နောက်တစ်ဆင့်ကို လွတ်လွတ်ကျွတ်ကျွတ် မတက်နိုင်သေးတော့ ရမှတ်လေးမှတ်စီ တူညီနေတဲ့ ပြိုင်ဘက် ရူဘင်ကာဇန်နဲ့ ဒိုင်နမိုကိဗ်တို့ကို နောက်ကောက်ကျသွားနိုင်ဖို့အတွက် အိမ်ကွင်း အဝေးကွင်းမရွေးဘဲ အနိုင်ရဖို့ လုပ်ကြတော့မှာပါ။ ရူဘင်ကာဇန်ဟာ အိမ်ကွင်းမာတဲ့အသင်း ဆိုပေမယ့် ဘာစီလိုနာကသာ အများနည်းနည်းနဲ့ ပထမအကျော့ကလို ဆန့်ကျင်ဘက်အနေအထားနဲ့ တရစပ် ဖိအားပေးရင်တော့ ဧည့်သည်အသင်းကို ရူဘင်ကာဇန်ထိန်းချုပ်ရတာခက်ခဲသွားပြီ။ ဒါကြောင့် ယခုပွဲဟာ ရူဘင်ကာဇန် ခြေသာပေမယ့် ဂိုးသွင်းသေသပ်သူတွေ အပြည့်ရှိနေတဲ့ ဘာစီလိုနာကိုပဲ သုံးမှတ်ပေးချင်ပါတယ်။

ဒိုင်နမိုကိဗ်-အင်တာမီလန်

ပထမအကျော့မှာ ၂-၂ ဖြစ်ထားသလို ဧည့်သည် အင်တာမီလန်အသင်းလည်း ဒီအုပ်စုမှာအခြေအနေမကောင်းသေးဘူး။ သုံးပွဲမှာ သုံးမှတ်ပဲရထားလို့ ဇယားရဲ့ နောက်ဆုံးနေရာက ရပ်တည်နေရတယ်။ ပြီးတော့ မော်ရင်ဟိုလည်း ဖိအားတွေများနေတယ်။ ဒါကြောင့် အဝေးကွင်းမှာ ဒိုင်နမိုကိဗ်ကို အနိုင်ရအောင်ကစားဖို့ ရုန်းရပါပြီ။ ဒီပွဲမှာမရုန်းနိုင်ရင် နောက်တစ်ဆင့်တက်ရောက်ကစားခွင့် အခက်အခဲတွေ များလာနိုင်တယ်။ ဒိုင်နမိုကိဗ်ရဲ့ တန်ပြန်ထိုးဖောက်မှုနဲ့ အိမ်ကွင်းကစားအားက မြန်ဆန်လွန်းတော့ လူစီယိုတို့၊ ဆမ်မြူရယ်တို့ထိန်းချုပ်ရတာ လွယ်မယ်မထင်မိဘူး။ ပရိသတ်အားကပါ တောင့်နေတဲ့ ဒိုင်နမိုကိဗ်ဟာ ရှက်ဗ်ချင်ကို၊ အယ်လ်မိုင်းဒါး၊ မီလက်ဗ်စကီး၊ မူကိုဂျီဗစ် စတဲ့သူတွေ အစွမ်းနဲ့ယှဉ်မှာဖြစ်နေတယ်။ အီတူးခြေပျက်နေပြီ ဘာလော့တယ်လီနဲ့ အချိတ်အဆက်မမိခဲ့ရင် အင်တာဟာ အိမ်ရှင်ကို သရေကစားနိုင်ရင်ပဲ ကျေနပ်ရမယ့်ပွဲလို ဖြစ်နေမှာဆိုတော့ ဒိုင်နမိုကိဗ်အလေးသာနေမလားပဲ။

အုပ်စု (ဆ)
ဆီဗီလာ-စတုဂတ်

ဆီဗီလာက စတုဂတ်ကို ပထမအကျော့မှာ ၃-၁နဲ့ အသာရအောင်ကစားထားနိုင်လို့ လက်ရှိမှာ နောက်တစ်ဆင့်ကိုတက်ရောက်ဖို့ အခွင့်အရေးပေးနေပါတယ်။ အခုပွဲမှာသာ ထပ်ပြီး စတုဂတ်လိုအသင်းမျိုးကို အနိုင်ရအောင် ကစားထားနိုင်ခဲ့မယ်ဆိုရင် နောက်တစ်ဆင့်သွားခွင့်က ပိုသေချာမှာဖြစ်လို့ အိမ်ခံပရိသတ်အားကိုယူပြီး ဖေဘီယာနိုတို့ရဲ့ ရုန်းကန်အားနဲ့ အနိုင်ယူမှာပါ။ ဆီဗီလာဟာ ချန်ပီယံလိဂ်ဘက် အာရုံစိုက်နေတဲ့ အသင်းဖြစ်နေတော့ ခြေပျက်နေတဲ့ စတုဂတ်ဟာ ပထမအကျော့ကလို အရေးနိမ့်ဖို့ကများနေလို့ အိမ်ရှင်ကိုပဲ သုံးမှတ်ပေးချင်ပါတယ်။

ယူနီရီယာ-ရိန်းဂျား

နောက်တစ်ဆင့် ရောက်ခွင့်ကို မျှော်လင့်နေတာကြောင့် ရိမေးနီးယားကလပ်ဟာ ပထမအကျော့ကလို ပြိုင်ဘက် ရိန်းဂျားကို အနိုင်ရအောင် စွမ်းဆောင်ကြိုးစားပြမှာ သေချာနေတယ်။ မျက်နှာစိမ်း အသင်းတွေထဲမှာ ယူနီရီယာဟာ မာကျောမှု အပြည့်ရှိသလို ထိုးဖောက်နိုင်စွမ်းလည်းပြည့်ဝပြီး နည်းပြက သွန်သင်အားကောင်းနေတော့ သေချာပေါက် အခုပွဲမှာ နောက်ထပ် အနိုင်သုံးမှတ်ကိုရယူသွားမှာပါ။

ဗန်ပါစီ

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ၏ ကစားဟန်။

အုပ်စု (ဇ)
အာဆင်နယ်-အယ်လ်ကမာ

ပထမအကျော့မှာ ဒီနှစ်သင်း၁-၁ သရေကျထားတဲ့အတွက် ယခုပွဲမှာ နောက်တစ်ဆင့်ကိုသွားကစားဖို့ နှစ်သင်း

ဆီဗီလာအသင်း တိုက်စစ်မှူး ဖေဘီယာနို၏ ဂိုးသွင်းအပြီး အောင်ပွဲခံဟန်။

စလုံးရုန်းရဦးမှာပါ။ ဒါပေမယ့် အယ်လ်ကမာရဲ့ ခံစစ်က အဝေးကွင်းမှာ ခြေမှန်မရတဲ့ ပြဿနာကရှိနေတော့ အာဆင်နယ်ရဲ့ အိမ်ကွင်းတိုက်စစ်ကို ထိန်းချုပ်ထားနိုင်ဖို့ မလွယ်ဘူး။ အိမ်ရှင်က ထိုးဖောက်အား မာတဲ့အတွက် တစ်ချိန်ချိန်မှာ အယ်လ်ကမာရဲ့ခံစစ် ကျိုးပေါက်သွားနိုင်သေးတယ်။ ဗန်ပါစီ၊ ဖာဘရီဂတ်စ်နဲ့ ဘန့်တနာတို့ အစွမ်းကြောင့် ဧည့်သည်ကို အာဆင်နယ်ဟာ အုပ်စုဖိုလ်ပီပီ အနိုင်သုံးမှတ်ယူသွားမှာပါ။

စတန်းဒတ်လိဂ်-အိုလံပီယာကော့စ်

အိုလံပီယာကော့စ်အနေနဲ့ ပထမအကျော့က ၂-၁ နဲ့ နိုင်ထားတဲ့ပုံစံအတိုင်း ဒီပွဲမှာကစားပြမှာဖြစ်ပါတယ်။ ဒါပေမယ့် စတန်းဒတ်လိဂ်ရဲ့ အိမ်ကွင်းကစားဟန်ကလည်း မာကျောမှုရှိနေတာကြောင့် ထင်သလောက်တော့ ဖိအားပေးနိုင်မယ်မထင်မိဘူး။ ဘယ်လ်ဂျီယံကလပ်ဟာ သိက္ခာအတွက်ရော၊ ရပ်တည်မှုအတွက်ပါ အားထည့် ကစားရမှာဖြစ်နေလို့ ပွဲစပွဲဆုံးတရစပ်ထိုးဖောက်မှာပါ။ ဒါကြောင့်လည်း အိုလံပီယာကော့စ်ဟာ မဲလ်ဘတ်တို့ရဲ့ စွမ်းဆောင်မှု ကျဆင်းနေခဲ့မယ်ဆိုရင်တော့ အဝေးကွင်းမှာ သရေ တစ်မှတ်ရဖို့တောင် မလွယ်နိုင်တော့တဲ့ အခြေအနေနဲ့ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ။

(မြန်မာ့အလင်း)

3-11 (12).pmd 1 11/3/2009, 1:46 AM

ကျောက်တံခါးမြို့နယ်တွင် ပညာရောင်ရှိန် စာကြည့်တိုက်ဖွင့်
အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ကျောက်တံခါး အောက်တိုဘာ ၂၈

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)-ဒေါ်အေးမွန်ရှိန်မိသားစုက မတည်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကွင်းတောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက်အတွင်းရှိ စေတနာရှင်၊ အလှူရှင်များ ဆောက်လုပ်လှူဒါန်းသော ပညာရောင်ရှိန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၄ရက် နံနက် ၉နာရီက ကျောက်တံခါးမြို့နယ် ကွင်းတောင် ရပ်ကွက်အတွင်းရှိ အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်၊ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

ပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)က အဆောက်အအုံ မတည်လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။

ဆွေးနွေး

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဇော်က စာကြည့်တိုက်ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် သတ်မှတ်စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်ဖြစ်ရေး ဆွေးနွေးပြီး စာကြည့်တိုက်ကော်မတီမှ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်စာစောင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်းနှင့်လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ
တာချီလိတ်မြို့နယ် အထက ၃ ကျင်းပ

တာချီလိတ် အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ကြီးကြပ်မှု၊ တာချီလိတ်ခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၃ရက် နံနက် ၁၀နာရီက တာချီလိတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးတူးမောင်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးဒုတိယရဲမှူး အေးလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောသည်။ **(ယာပုံ)**

ဟောပြော

ဆက်လက်ပြီး တာချီလိတ်ခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ရွှေလင်းက ကျောင်းသားများ ဆိုင်ကယ်၊ စက်ဘီး စီးနင်းရာတွင် လိုက်နာရမည့်အချက်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးအတူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေများကို ဟောပြောပြီးနောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ပညာပေးမှတ်တမ်းများ ပြသသည်။

အလားတူ ဟောပြောပွဲကို တာချီလိတ်မြို့ပေါ်ရှိ ဟောင်လိတ်၊ ဆန်ဆိုင်း၊ ပုန်းထွန်ကျောင်းများနှင့် ရပ်ကွက်များတွင်လည်း အသိပညာပေး ဟောပြောကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ငွေချည်(၆)ဝါ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

နွားထိုးကြီး အောက်တိုဘာ ၂၂

နွားထိုးကြီး မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းက ငွေချည်(၆)ဝါများကို စိုက်ပျိုးအကောင်အထည်ဖော်နေရာ လျာထားသော ဝါစိုက်ဧက ၉၇၃၃ ဧက ထက်ပို၍ ၉၈၃၅ ဧက စိုက်ပျိုးနိုင်ပြီဟု မြို့နယ်ဝါလုပ်ငန်းမန်နေဂျာ ဒေါ်စန်းစန်းမြင့်က ပြောကြားသည်။

ကြီးကြပ်ပေး

မြို့နယ် ဝါလုပ်ငန်းမန်နေဂျာ ဒေါ်စန်းစန်းမြင့်နှင့်အဖွဲ့သည် စက်တင်ဘာ ၂၉ရက်က မင်းရွာအုပ်စုတွင် ငွေချည်(၆)ဝါ ဧက ၃၀၀ စိုက်ပျိုးနိုင်ရေး ကြီးကြပ်ပေးပြီး လာမည့် အောက်တိုဘာဒုတိယပတ်တွင် ငွေချည်(၆)ဝါထွန်တုံးပိတ်ပွဲ ကျင်းပခဲ့သည်။

(၀၉၂)

အင်းတော်မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများ နည်းပညာစွမ်းရည်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်

အင်းတော် အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်း ကသာခရိုင်အတွင်းရှိ ကသာမြို့နယ်၊ အင်းတော်မြို့နယ်၊ ထီးချိုင့်မြို့နယ်နှင့် ဗန်းမောက်မြို့နယ်အတွင်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စိုက်ပျိုးပညာပေးရေး၊ ဝန်ထမ်းများအား နည်းပညာစွမ်းရည်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၁ရက် နံနက် ၉နာရီက ကသာခရိုင် အင်းတော်မြို့နယ် မြို့နယ်မန်နေဂျာရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ ကသာခရိုင်အတွင်းရှိ ကသာမြို့နယ်၊ အင်းတော်မြို့နယ်၊ ထီးချိုင့်မြို့နယ်နှင့် ဗန်းမောက်မြို့နယ်များမှ မြို့နယ်မန်နေဂျာများ၊ ခရိုင်နှင့် အင်းတော်မြို့ရှိ စိုက်ပျိုးပညာပေးရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး စစ်ကိုင်းတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယတိုင်းမန်နေဂျာ ဦးသိန်းဝင်းက စိုက်ပျိုးရေးနည်းပညာ စွမ်းရည်မြင့်မားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပို့ချကြောင်း သိရသည်။ (၀၃၀)

ကျေးလက် ကျောက်ချောလမ်းခင်း

မြိတ်မြို့ မြို့ပတ်(၁)လမ်းနှင့် ကလွင်ကျေးရွာသို့ ဆက်သွယ်ထားသော ကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၈ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး စစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အလှကုန်ပစ္စည်းများ ထုတ်လုပ်မှု နည်းပညာသင်တန်း

စက်တင်ဘာ၂၉ရက်က မန္တလေးမြို့ ကူးသန်းရောင်းဝယ်ရေးကျောင်း၌ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပရာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန အထက်မြန်မာပြည် (မန္တလေးရုံးခွဲ) ညွှန်ကြားရေးမှူး ဦးငွေလွင်က အမှာစကားပြောကြားစဉ်။

(၀၉၀)

အမြို့မြို့အနယ်နယ် သတင်းများ

မြစ်ကြီးနားမြို့နယ် နောင်နန်း(၈)မိုင်စံပြကျေးရွာ၌ သစ်ပင်ချုံနွယ်များ ရှင်းလင်း

မြစ်ကြီးနား အောက်တိုဘာ ၂၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြကျေးလက်ဒေသ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုငွေဖြင့် တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအောင်မျိုးသက် အနီးကပ်ကြီးကြပ်ကာ နောင်နန်း (၈)မိုင်စံပြကျေးရွာ လမ်းဘေးဝဲယာ သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်း လုပ်ငန်းကို အောက်တိုဘာ ၂၂ရက်က မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (ပြည်နယ် ပြန်/ဆက်)

စစ်ဆေး

ခနော့ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးခေါင်း ဦးစီးသော ဈေးဝန်ထမ်းများက သမာဓိချိန်ခွင်ထားရှိပြီး စနစ်တကျ ချိန်တွယ်နေသည်ကို အမှုဆောင်အရာရှိ ဦးဌေးလှိုင် ကြီးကြပ်စစ်ဆေးစဉ်။

(၁၄၇)

စာကြည့်တိုက်များ စနစ်တကျရှိရေး မိုးမောက်မြို့နယ်တွင် ညှိနှိုင်းဆွေးနွေး

မိုးမောက် အောက်တိုဘာ ၂၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်နှင့် မိုးမောက်မြို့နယ်ဦးစီးမှူး ဒေါ်လွန်းနန်းထွေးနှင့်ဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က မြို့နယ်စာကြည့်တိုက်များ စနစ်တကျရှိရေး၊ စာငှားကတ်စနစ်ဖြင့် ဆောင်ရွက်ရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ စီမံဆောင်ရွက်ရေးနှင့် ဝန်ထမ်းများစည်းလုံးမှုဖြင့် ရှေ့ဆက်ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများ၏ သင်တန်းများ စတင်ဖွင့်လှစ်မည့်ရက် ကြေညာခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်/ ကောလိပ်/ သိပ္ပံကျောင်းများ၏ (၂၀၀၉-၂၀၁၀) ပညာသင်နှစ်အတွက် A.G.T.I (ပထမနှစ်)မှ B.E / B.Arch သင်တန်းအထိ သင်တန်းများအားလုံးကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

(က) ကျောင်းအပ်လက်ခံမည့်နေ့ - ၂-၁၁-၂၀၀၉ရက် (တနင်္လာနေ့)မှ ၁၅-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့)အထိ

(ခ) ကျောင်းစတင်ဖွင့်လှစ်မည့်နေ့ - ၁၆-၁၁-၂၀၀၉ရက် (တနင်္လာနေ့)

၂။ ၂-၁၁-၂၀၀၉ ရက်မှ ၁၅-၁၁-၂၀၀၉ ရက်အထိ ကျောင်းအပ်ခွင့်ရှိသော ကျောင်းသား ကျောင်းသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် နည်းပညာတက္ကသိုလ်/ကောလိပ်/ သိပ္ပံများသို့ သင်တန်း တက်ရောက်ခွင့်ရရှိသူ ကျောင်းသား ကျောင်းသူသစ်များ၊

(ခ) နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများမှ A.G.T.I (ပထမနှစ်) မှ B.E / B.Arch သင်တန်းအထိ တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများ။

၃။ နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများသည် (စနေ၊ တနင်္ဂနွေ)နေ့များတွင်ပါ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပါသည်။

၄။ ၁၅- ၁၁-၂၀၀၉ ရက် နောက်ဆုံးထား၍ ကျောင်းအပ်လက်ခံမည်ဖြစ်ပါသဖြင့် သတ်မှတ်သည့်ရက်ထက် နောက်ကျလျှင် ကျောင်းအပ်လက်ခံမည် မဟုတ်ပါ။

၅။ ၁၆-၁၁-၂၀၀၉ ရက်တွင် ကျောင်းစတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ ကျောင်းခေါ်ချိန် ၇၅ရာခိုင်နှုန်း တွက်ချက်ရာတွင် ကျောင်းစတင်ဖွင့်လှစ်သောနေ့ရက်မှစ၍ ရေတွက်မည်ကို ကြိုတင်သိရှိနိုင်ပါရန် ဖော်ပြအပ်ပါသည်။

၆။ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် A.G.T.I (ပထမနှစ်)မှ B.E / B.Arch အထိ သင်တန်းများအားလုံး၏ အောင်စာရင်းများကို ၂-၁၁-၂၀၀၉ ရက်တွင် သက်ဆိုင်ရာကျောင်းများ၌ ထုတ်ပြန်မည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ နည်းပညာ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံများတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး

တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၏ ပင်မသုံးထပ်စာသင်ဆောင်အသစ် အဆောက်အအုံအား ဆောက်လုပ်နိုင်ရန်အတွက် ချိပ်ပိတ်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို (B.Q) နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ အကူအညီ ရယူနိုင်ပါသည်။

၄။ တင်ဒါပုံစံများကို ၃-၁၁-၂၀၀၉ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ချိပ်ပိတ်တင်ဒါများကို ၃-၁၂-၂၀၀၉ရက် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၅။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ ရန်ကုန်၊ ဖုန်း-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၄၉၄၈၊
B.Q စစ်ဆေးရေးအဖွဲ့၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံးအမှတ် ၂၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၄၁၈၁၊ ၀၆၇-၄၀၄၄၅၉၊
နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၊ ကျောက်ဆည်မြို့၊ ဖုန်း-၀၆၆-၅၀၄၁၈၊ ၀၆၆-၅၀၄၄၇၊ ၀၆၆-၅၀၅၅၇။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ဦးငွေအောင် ၁၂/မဂဒ(နိုင်) ၀၁၈၆၀၀ အမှတ်-၃၃၅ ဗဟိုလမ်း (ယခင်ဆရာစံလမ်း) ၂/ခရပ်ကွက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးငွေအောင်သည် အောက်ဖော်ပြပါ MO CHI ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

MO CHI

မှတ်ပုံတင်အမှတ်-၂/၂၀၀၃

ဦးငွေအောင်က အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အနွေးစောင်များကို ထုတ်လုပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အတုအပဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ ပြုလုပ်သုံးစွဲ၍ တင်သွင်းသူ၊ ထုတ်လုပ်သူ၊ ဖြန့်ချိရောင်းချသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်ခင်အေးမာ
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၈၇၁)
အမှတ် ၅၆၃(ပထမထပ်)၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ညှိနှိုင်းဈေး သိန်း(၁၁၀)
DAIHATSU
13(B) CNG
၂က---- (၁၄ပေ)
ဖုန်း-၇၀၄၉၇၆၊ ၅၄၇၄၂၇။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏ သမီးဖြစ်သူ မဆုမြတ်လွင် ၁၂/ရကန(နိုင်)၀၇၀၄၁၈သည် မိဘများ ခွင့်မလွှတ်နိုင်သောအပြုအမူကို လုပ်ဆောင်သွားပါ၍ ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူဖြေရှင်းမပေးပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဒေါ်သန်းနွဲ့၊ ၁၂/ရကန(နိုင်)၀၄၅၆၁၁။**

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဦးမြင့်ဆွေ၏ ၆ခ/၄၀၁၅ မော်တော်ယာဉ် အခွန်ကျေပုံစံ(၁)မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၅၆၀၀၉၁။**

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျောက်ဆည်၌ မြင့်ဂုဏ်ရောင် စာကြည့်တိုက်ဖွင့် စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

ကျောက်ဆည် နိုဝင်ဘာ ၁

ကျောက်ဆည်မြို့နယ် ရွာသစ်ကျေးရွာ မြင့်ဂုဏ်ရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့်စာအုပ်စာစောင် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ရက် ညနေ ၃နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြင့်ဂုဏ်ရောင်စာကြည့်တိုက် အဆောက်အအုံသစ်ကို ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

စိုက်ထူလှူဒါန်း

ဆက်လက်၍ မြင့်ဂုဏ်ရောင်စာကြည့်တိုက်အတွက်စာအုပ်စာစောင်၊ ငွေပဒေသာပင် စိုက်ထူ လှူဒါန်းပွဲ ကျင်းပရာခရိုင်ဦးစီးအရာရှိဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များ၊ သတ်မှတ်ထားသော စံ(၅)ချက်နှင့် ပြည့်စုံစေရေး ခိုင်မာသည့် စာငှားစနစ်ဖြင့် ငှားရမ်းနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးကာ နေ့စဉ်ထုတ် သတင်းစာ စာအုပ်များကို လှူဒါန်းသည်။ ထို့နောက်ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက်လုပ်ငန်းစဉ်များ အကြောင်းကို ရှင်းလင်းတင်ပြပြီး ကျေးရွာမှ စာကြည့်တိုက်အဖွဲ့ဝင်များ၊လူငယ်များက ကျပ်၃၀၀၀၀ စီ၊ ကျေးရွာ စေတနာရှင်များက စုပေါင်းလှူဒါန်းငွေကျပ် ၂၈၂၀၀၀ ကို ငွေပဒေသာပင် စိုက်ထူ လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကောလင်း အထက (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ကောလင်း နိုဝင်ဘာ ၁

ကောလင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား (၁၄)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ၃၀ရက် မွန်းလွဲ ၁နာရီတွင် အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ် လှူဒါန်းလိုပါက ဖုန်း-၀၇၅-၄၂၁၁၂၊ ၀၇၅-၄၂၁၇၈၊ ၄၂၂၄၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၃၂)

ရေစီးရေလာ

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးနှင့် မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရူဝံလမ်းတံတား ပြုပြင်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲ သဲကုန်း၌ ကျင်းပ

သဲကုန်း နိုဝင်ဘာ ၁

ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်သည် အောက်တိုဘာ ၂၄ ရက်က သဲကုန်းမြို့နယ် သစ်နီတောကျေးရွာ လမ်းပြကြယ်စာကြည့်တိုက်၌ ကျင်းပသော စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားတွင် ကျေးရွာပြည်သူများ စာပေဗဟုသုတ ပြည့်စုံစေရန်နှင့် စာဖတ်ရှိန်မြင့်မားရေးအတွက် စာဖတ်ဝိုင်းတွင် ဒေါ်အေးရူပါမြင့်၊ ဒေါ်ဇင်မာထွေးနှင့် ဦးအေးသွင်တို့က မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးများကို ဖတ်ကြားဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းနှင့် ရပ်သံကျွမ်းကျင်(၃) ဦးစိုးသန်းတို့က ပြန်လည်သုံးသပ်သည်။

(မြို့နယ် ပြန်/ဆက်)

စိန့်အဲဂနက် (ကလော) ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁

စိန့်အဲဂနက် (ကလော) ကျောင်းသားကျောင်းသူဟောင်းများ၏သတ္တမအကြိမ်မြောက် မိတ်ဆုံစားပွဲကို လာမည့် ဒီဇင်ဘာ ၅ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ Dolphin Restaurant ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအနေဖြင့် ဒေါ်တင်မျိုးအေး ဖုန်း-၀၁-၆၆၃၀၁၄၊ ဒေါ်မြင့်မြင့်စိုး ဖုန်း-၀၁-၆၆၀၅၂၈၊ ဒေါက်တာဒေါ်ခင်တာတာ ဖုန်း-၀၁-၂၉၄၀၆၀၊ ဒေါ်သီသီလွင် ဖုန်း-၀၁-၂၉၄၆၅၀နှင့် ဒေါ်ယဉ်ယဉ်အေး ဖုန်း-၀၁-၆၆၃၃၆၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ ***(ပညာရေး)***

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်မိန့်ခွန်းပြောကြား၊ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲ၌ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု *စာမျက်နှာ ၆ ကော်လံ ၁* ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံး ညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အင်တာနက် ကျန်းမာရေး

ရေနွေးနှင့် ရေချိုးပေးခဲ့လျှင် ဦးနှောက်နှာ့ဗ်ကြောများ သန်စွမ်းနိုင်ဟုဆို

ရေနွေးနှင့် ရေချိုးခြင်းသည် သွေးအတွင်း အဆီပိဓာတ်များဖြစ်ပေါ်မှုကိုလျော့နည်းစေပြီး ဦးနှောက်နာ့ဗ်ကြောများ သန်စွမ်းမှုကို အထောက်အကူပြုစေကြောင်း ကနေဒါ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

လျော့နည်း

သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့် ရေနွေးနှင့် ရေချိုးပေးခြင်းကို အသက် ၃၀နှင့်အထက် လူရွယ်လူကြီးများ ပုံမှန်ပြုလုပ်ပေးပါက သွေးနှင့် ပတ်သက်သောရောဂါများ အထူးသဖြင့် သွေးတိုးရောဂါဖြစ်ပွားမှု လျော့နည်းစေကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ထို့အတူ ကလေးငယ်များအား သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ရေနွေးနှင့် ရေချိုးပေးခြင်းသည် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အထောက်အကူပြုစေကြောင်း၊ ထို့အပြင် ခန္ဓာကိုယ် ဖွံ့ဖြိုးမှုဖြစ်စေကြောင်း သိရသည်။

ပြောကြား

ထို့ကြောင့် သတ်မှတ်သည့်အတိုင်း ရေနွေးဖြင့် ရေချိုးခြင်းကို ပြုလုပ်ပေးသင့်ကြောင်း ကနေဒါ ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။ ။